




ဆဋ္ဌမအကြိမ်



# ရွှေဥဒေါင်း
# ပုံကြီးဟောင်

မြန်မာဝတ္ထုအညွှန်းမှ
မလိခ၏ ညွှန်းဆိုသုံးသပ်ချက်
ပါဝင်သည်။

SOD0023
3,000.00 KS

mgyoe.com

ရန်ကြီးအောင်၊ ရွှေဒေါင်း
မျက်နှာဖုံးပန်းချီ - မှတ်သုံ
စာမျက်နှာ ၂၅၂++ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဒိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ ဆဌမအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၀ စိတ်ကူးချိုချို၏ပဌမအကြိမ်မူ။

ရောင်းဈေး ၃ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ရန်ကြီးအောင်

## ရွှေဥဒေါင်း

ဆဋ္ဌမအကြိမ် ၂၀၂၀

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အခန်း (၁)

မြန်မာသက္ကရာဇ် (၁၁၈) ခု ဘကြီးတော်ဘုရားသည် ဘိုးတော်၏ ထီးနန်း ရိုက်ရာကို ဆက်ခံစိုးစံ၍ ဂန္ဓာလရာဇ်တိုင်း တရုတ်ပြည် ဥတည်ဘွားနှင့် မဟာမိတ်ဖွဲ့လျက် နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်း သွယ်တန်းလျက် ရှိလေ၏။ ၎င်းမင်း၏လက်ထက် တစ်နေ့သ၌ (၄) ချက်တီးကျော်အချိန် နွေဥတုအခါတွင် ပူအိုက်သည်အလျောက် မြို့သူမြို့သားတို့သည် ကြမ်းပြင် ဝရန်တာ စသည်တို့၌ ယပ်တောင်ခတ်ကာ လဲလျောင်းလျက် စကားစမြည်ပြော၍ နေကြသည့်အချိန်ခန့်တွင် အသက် (၂၀) ကျော်အရွယ် မိန်းမတစ်ယောက်သည် ညိုးနွမ်းသော အဝတ်တို့ကို ဝတ်ဆင်လျက် ခြေကိုမျှ မသယ်နိုင်အောင် မောပန်းစွာနှင့် ရွှေဘိုမြို့ တောင်တံခါးမှ ဝင်လာ၍ လမ်းတစ်ဖက်တစ်ချက်ရှိ အိမ်များကို စောင်မြောင်းကြည့်ရှုလျက် သွားလေသည်။

ဤသို့ သွားစဉ်တွင် ရင်၌လွယ်ထားသော အထုပ်ငယ်မှ ကလေးငိုသံ ကြားသဖြင့် အထုပ်ကို ဖွင့်လှစ်ကြည့်ရှုရာ လရောင်သည် ကလေး၏မျက်နှာသို့ ကျရောက်လျက် အလွန်ဖြူစင်လှပသည့် သားငယ်ကလေး၏ မျက်နှာကို မြင်ရကား အမိသည် လမင်းကို မော်ကြည့်၍ "ငါ၏ သားငယ်ကလေးသည် လမင်းထက်ပင် လှပလေစွတကား" ဟု အောက်မေ့ဟန် လက္ခဏာနှင့် သွားမည့်လမ်းကို မသွားဘဲ ရပ်တန့်၍ နေရာလေ၏။ ထိုနောက်မှတစ်ဖန် မိမိ ဆာလောင်မွတ်သိပ်၍ ပင်ပန်းနွမ်းနယ်သည် အဖြစ်ကို သတိရပြန်သည်နှင့် စိတ်တင်းထားပြီးလျှင် သွားမြဲတိုင်းလမ်းကို ဆက်လက်သွားပြန်လေ၏။

ထိုမိန်းမ၏ ခြေဖဝါးတို့သည်လည်း ခရီးရှည် မသွားဖူးသည့်အတွက်

mgyoe.com

mgyoe.com


ပေါက်ကွဲ၍ သွေးစက်တို့သည် မြေဦကျကုန်၏။ ထိုမိန်းကလေး၏ အရည် အချင်းသည် ဆင်းရဲသားတို့နှင့်မတူ ခရီးပြင်းလည်း သွားရ၊ ထမင်းရေစာတို့ မှုလည်း အတန်ကြာ မတွေ့ရ၍ အသားအရေ ဖျော့တော့နွမ်းနယ်ခြင်း ရှိသော် လည်း မျက်ခုံး၊ မျက်လုံးမှစ၍ ကိုယ်လက်ပုံသဏ္ဌာန် သွားလာဟန်တို့သည် အလွန် သိမ်မွေ့ နူးညံ့ပြေပြစ်ခြင်း ရှိပေ၏။

ခရီးအတန်ငယ် သွားလတ်သော် အခြားအိမ်တို့ထက် ကြီးမားခမ်းနား၍ စကားဆူညံစွာဖြင့် စောင်းညှင်း ပတ္တလား အစရှိသော တူရိယာငါးပါးတို့ကို တီးမှုတ်လျက် ပျော်ရွှင်ဖွယ်ကောင်းသည့် အိမ်ကြီးကို မြင်ရလျှင် မိခင်သည် သားငယ်ကို ရင်သို့ကပ်ပြီး ဝင်းနားမှ ချောင်းမြောင်း ကြည့်ရှုလျက်နေလေ၏။

ဝင်းနား၌ အိုးခွက်ကြီးငယ်တို့ဖြင့် ချက်ပြုတ်ကြော်လှော်နေသည့် ခဲဖွယ် တို့ကို မြင်သောအခါ အစာအာဟာရ အတန်ကြာ မစားခဲ့ရသော ထိုမိန်းမ သည် ဆာလောင်မွတ်သိပ်သည်နှင့် စားလိုသောဆန္ဒ အားကြီးလှသဖြင့် "ငါ့မှာတော့ အစာမစားရတာ ကြာလှပြီ၊ ဒီမှာတော့ စားစရာ သောက်စရာတွေ မကုန်မခန်း ပေါပါဘိတော့တယ်" ဟု ညည်းညူမိစဉ် ချက်ပြုတ်သူတို့သည် အိမ်ပေါ်မှ ရုတ်တရက် မီးလန့်သဖြင့် ထပြေးကြလေ၏။

ထိုအခါ ၎င်းမိန်းမသည် ချက်ပြုတ်သူများအလစ်တွင် မိမိ၏ ကလေးကို နမ်းရှုပ်ကာ မခွဲနိုင်မခွာရက် အမူအရာဖြင့် မီးဖိုတစ်ခုအနီးတွင် ဖြည်းညင်းစွာ ချထား၍ စားစရာများကို ယူပြီးလျှင် သားငယ်ကို နောက်တစ်ဖန် ထပ်မံနမ်းရှုပ်ပြီးမှ လှည့်မကြည့်တော့ဘဲ ထွက်သွားရှာလေသတည်း။

❑

mgyoe.com

mgyoe.com

# အခန်း (၂)

၎င်းနောက် အနှစ် (၂၀) ခန့် ကြာလတ်သော် "ရွှေဘိုတောင်လက် ..... ရှားတောရွာ" ၌ ရုပ်သေးပွဲတစ်ခုအနီး အကြော်ဆိုင်တစ်ခုတွင် မြန်မာတို့ ထုံးစံအတိုင်း ကာလသားသဘာဝ ဝိုင်းဖွဲ့၍ လူပျိုကလေး (၄) ယောက် တို့သည် ရယ်မောစရာ စကားရွှမ်းတို့ဖြင့် တဝါးဝါး ရှိနေကြလေ၏။

ထို (၄) ယောက်အနက် တစ်ယောက်မှာ ရွှေဘိုမြို့ မြို့ဝန်ကြီး ဦးကျော်ဒင် မွေးစားသည့်သား ခင်မောင်ညွှန့် ဖြစ်လေသည်။ မွေးစားသားပင် ဖြစ်သော် လည်း ခင်မောင်ညွှန့် နဖူးရေဒူးရေမှ စ၍ ဆင်းရဲသားနှင့်မတူ မင်းမျိုးမင်းနွယ် တမျှ နူးညံ့သိမ်မွေ့လျက် စိတ်သဘောမှာလည်း မြို့ဝန်မင်း၏သား ဟူ၍ ထောင်လွှားဝင့်ဝါခြင်း မရှိဘဲ လူအများနှင့် သင့်တင့်ရာ သူငယ်ချင်းများ ကလည်း ၎င်းအား ချစ်ခင်မြတ်နိုးခြင်း ရှိကြလေသည်။ အသက် (၂၀) ခန့် မျှသာ ရှိငြားသော်လည်း စကားအရာ၌ လိမ္မာချေင်လှ၍ အစစအရာရာတွင် မွန်ရည်ပြေပြစ်ခြင်း ရှိလေသည်။

ဒုတိယလူငယ်မှာ ခင်မောင်ညွှန့်၏ညီ "ခင်မောင်ကွန့်" ဖြစ်၍ မြို့ဝန် ကြီး၏ သားအရင်း ဖြစ်၏။ အရွယ်မှာ (၂) နှစ်ခန့်ငယ်၍ လူချောလူလှ တစ်ယောက်ပင် ဖြစ်၏။ အကျင့်စာရိတ္တမှာ ခင်မောင်ညွှန့်နှင့် မတူချေ။ မြို့ဝန်၏ သား ဆိုသည့်အလျောက် လှပကောင်းမွန်သော အဝတ်အစားတို့ကို အစဉ် မပြတ် ဝတ်ဆင်၍ နောက်ပါတပည့် အများအပြားနှင့် သွားလာလေ့ ရှိ၏။ အပြောအဆိုမှာ မာနရှိသည့်အလျောက် အတန်ငယ် မောက်မာသည်နှင့် သူငယ်ချင်းများက မြို့ဝန်ကြီး၏သား ဖြစ်၍ သည်းညည်းခံကြရသော်လည်း စိတ်ထဲ၌ မကျေမချမ်း ရှိကြ၍ များစွာ ချစ်ခင်ခြင်း မရှိကုန်။ သို့ရာတွင်

mgyoe.com

mgyoe.com


ခင်မောင်ကွန့်သည် အခြားလူများအပေါ်၌ မာနရောက်သော်လည်း ခင်မောင်ညွန့်ကိုမူကား အစ်ကိုအရင်းနှင့် ခြားနားခြင်း မရှိအောင် ချစ်ခင်မြတ်နိုးလျက် "ငါသာလျှင် သားရင်း ဖြစ်သည်" ဟူသော အသံထားမျိုးနှင့် ခင်မောင်ညွန့်အား ဘယ်သောအခါမျှ မပြောဆိုဖူးချေ။ ညီအစ်ကိုနှစ်ယောက်တို့သည် ရန်ခိုက်ဒေါသ ဖြစ်ဖူးသည် မရှိဘဲ တစ်ဦးကိုတစ်ဦး အထူးပင် ကြင်နာကြလေ၏။

တတိယလူမှာ ရွှေဘိုမြို့နေ လယ်, မြေ အမြောက်အမြား ပိုင်ဆိုင်သဖြင့် လယ်စုနှင့် ငွေတိုးချေး၍ စားသောက်သူ ဘုရားဒကာ ဦးကြာညွန့်၏သား "မောင်တိုင်းကျော်" ဖြစ်လေသည်။

၎င်း၏ အရွယ်မှာ (၂၄) နှစ်ခန့် ရှိ၍ ပစ္စည်းအင်အား ခိုင်လုံသော မိဘများ၏ တစ်ယောက်တည်းသောသား ဖြစ်သည့်အလျောက် အလိုလိုက် ခြင်းခံရ၍ လူပေါင်းစုံဖြင့် မူးယစ်သောက်စားကာ အပျော်အပါးကို များစွာလိုက်စားသူ တစ်ယောက် ဖြစ်လေသည်။

စတုတ္ထလူမှာ စစ်ကဲကြီး ဦးကျော်ဟိုး၏သား "မောင်တင်မောင်" ဖြစ်လေသည်။ ထိုလူမှာ အရုပ်အရည်လည်း ဆိုဖွယ်ရာမရှိ။ အရွယ်မှာ (၂၃) နှစ်ခန့်မျှသာ ရှိသော်လည်း လူမှုလူရေး၌ လွန်စွာ လိမ္မာလှသဖြင့် လူတစ်ဖက်သားကို ရောင်းစားနိုင်အောင် ပါးနပ်သူတစ်ယောက် ဖြစ်လေသည်။

အပြောကောင်းသည့်အလျောက် ချိုသာသော အမူအရာနှင့် နားဝင်စေလောက်အောင် လှည့်ပတ်ပြောဆိုနိုင်ပေ၏။ မောင်တင်မောင်မှာ နှုတ်ပင်ချိုသော်လည်း ဝမ်းတွင်း၌ကား အကောက်ကြံတတ်ခြင်း ဂုဏ်ပြိုင်တတ်ခြင်း ရှိလေသည်။

ကာလသား လေးယောက်တို့သည် လူကုံထံများ ဖြစ်ကြသည့် အလျောက် အရပ်ချင်း မနီးသော်လည်း တစ်ဦးနှင့်တစ်ဦး သူငယ်ချင်းဘာဝ ပေါင်းသင်းကြ၍ ရုပ်သေးပွဲကြည့်ရန် နောက်လိုက် နောက်ပါများနှင့်တကွ လှည်းတစ်စီးစီဖြင့် လာကြည့်ခဲ့ကြလျက် နောက်လိုက်များအား မုန့်ဖိုးပေး၍ လွှတ်လိုက်ကြပြီးနောက် လေးဦးသား လမ်းလျှောက်ရင်း ပွဲဈေးတန်း အကြော်ဆိုင်သို့ ရောက်လာကြခြင်း ဖြစ်လေသည်။

ဝမ်းဘဲဥ, ကြက်ပေါင်ကြော်, ချင်းသုပ်, ငါးပေါင်းကြော်, ဘယာကြော် စသော သရေစာများကို စားသောက်လျက်ရှိကြစဉ် မောင်တိုင်းကျော်က –

mgyoe.com

mgyoe.com


ကျော်။ "ဘယ့်နှယ်လဲ သူငယ်ချင်းတို့၊ မနှင်းမြိုင်တို့လည်း ဘယ်နားမှာ ချွတ်သလဲ၊ ကျုပ်ဖြင့် ကြည့်, မမြင်ဘူး၊ ခင်မောင်ညွန့်ကော မမြင်မိဘူးလားဗျို့"

ညွန့်။ (မျက်နှာညိုသွားသော်လည်း ဟန်လုပ်ကာ ရယ်မောလျက်) "မမြင်မိပေါင်ဗျာ၊ စားမှာသာ စားစမ်းပါဦး၊ မနှင်းမြိုင်တော့ ဖြည်းဖြည်းမှ မြိုင်တာပေါ့"

မောင်။ "ကိုတိုင်းကျော်နှင့် တွေ့မှဖြင့် မနှင်းမြိုင် အကြောင်းချည်းပဲဗျာ၊ ကိုယ့်လူက ဘာများ အကြွေးရှိပါလိမ့်"

ကျော်။ "ကျုပ်တို့ကတော့ ကြိုက်လျှင်လည်း ဘွင်းဘွင်းပဲ၊ ခင်ဗျားတို့လို ကျိတ်ပိုးတော့ မပိုးတတ်ဘူး"

ကွန့်။ "ဝမ်းထဲက ကြိုက်ကြိုက်၊ ပြင်ဘက်က ကြိုက်ကြိုက် ခင်ဗျားတို့လို လူတွေနဲ့ ဘာမှ မဆိုင်ပါဘူး" ဟု မျက်နှာထားခပ်တင်းတင်းနှင့် ပြောလိုက်၏။

ကျော်။ "ခင်ဗျာ့ စကားက ရာသီပါလိုက်တာဗျာ၊ ခင်ဗျားကတော့ ဆိုင်သလိုလို ရှိလိုက်လေတယ်" ဟု မျက်နှာထားတည်တည်နှင့် ပြောလိုက်၏။

ထိုအခါ ခင်မောင်ကွန့်သည် ရတ်တရက် အမျက်ထွက်၍ ဒေါသအလျောက် ပြန်လှန်ပြောမည်အပြုတွင် –

ညွန့်။ "ကျုပ်ညီကတော့ ဝမ်းထဲကပါလို့ မဟုတ်ပါဘူး ကိုတိုင်းကျော်၊ သူက ဒီလိုပြောတတ်လို့ပါ" ဟု ပြောသော်လည်း မောင်တိုင်းကျော်သည် မနှင်းမြိုင်ကို ချစ်ကြိုက်လျက် ရှိသည်နှင့် မခံမရပ်နိုင်အောင် ဖြစ်၍ –

ကျော်။ "ဘာသော ညာသော ပြောမနေနဲ့၊ ဟောဒီလူစုထဲက မနှင်းမြိုင်ကို ရအောင် လှည့်နိုင်ရင် ဘယ်သူ့မဆို ကျုပ်က ငွေ (၁၀၀၀ိ) လက်ဖွဲ့မယ်"

မောင်။ "ကိုင်းဒါဖြင့် ကျုပ်တို့လေးယောက် ကတိတစ်ခု လုပ်ရအောင်၊ မနှင်းမြိုင် ရတဲ့လူကို မရတဲ့လူ (၃) ယောက်က ငွေ (၁၀၀၀ိ) စီ ပေးတမ်း၊ ဘယ့်နှယ်လဲ၊ သဘောတူကြရဲ့လား"

မောင်တိုင်းကျော်နှင့် ခင်မောင်ကွန့်တို့က "စိမ်လိုက်၊ သဘောတူတယ်"

mgyoe.com

mgyoe.com


ဟု တစ်ပြိုင်နက်တည်း ပြောကြသဖြင့် ခင်မောင်ညွန့်ကလည်း ပြုံးရယ်ကာ "ကျုပ်လည်း သဘောတူရတာပေါ့ဗျာ" ဟု ပြောလေ၏။

ငင်းနောက် သူငယ်ချင်း လေးယောက်တို့သည် မနှင်းမြိုင် ချောမော လှပကြောင်းများကို ချီးမွမ်းရာမှ ထွေရာလေးပါး စကားများကို ရယ်ကာ မောကာ ပြောဆိုကြပြီးနောက် မင်းသမီး မင်းသား ထွက်ချိန်ရောက်သဖြင့် မိမိတို့ လှည်းများရှိရာသို့ အသီးသီး ပြန်သွားကြလေ၏။

❑

mgyoe.com

mgyoe.com

## အခန်း (၃)

ကာလသား လေးဦးတို့၏ ချီးမွမ်းခြင်းကို ခံရသော မနှင်းမြိုင်မှာ ရွှေဘိုမြို့၌ ကွယ်လွန်သူ ဝန်ထောက်ကြီး ဦးစောလှ ဝန်ထောက်ကတော်ကြီး ဒေါ်သန့်စင် တို့၏သမီး အသက် (၁၈) နှစ်အရွယ် အပျိုချောကလေး တစ်ယောက် ဖြစ်လေသည်။

ငယ်ရွယ်စဉ်ကပင် မိဘများ သေဆုံးသွားသဖြင့် ၎င်းတို့၏ အမွေအနှစ်ကို ဆက်ခံရသော်လည်း အရွယ်မရောက်ရှာသေးသော မနှင်းမြိုင်သည် ဝန်ထောက်ကြီး၏ နှမအရင်း သစ်ခေါင်းကတော်ကြီး မမမိုးနှင့်အတူ နေထိုင်ရှာ၏။ မမမိုးသည် မိမိ၏ သမီးအရင်းကို မနှင်းမြိုင်၏ နာမည်နှင့်လိုက်၍ မသင်းကြိုင်ဟု မှည့်ထားရာ ၎င်းညီမနှစ်ယောက်တို့မှာ အသက်လေးနှစ်မျှ ကွာခြားသောကြောင့် ဂုဏ်ပြိုင်ခြင်း တုပခြင်း ရန်မူခြင်း အလျှင်းမရှိဘဲ ညီအစ်မအရင်းကဲ့သို့ တစ်ယောက်ကို တစ်ယောက် ချစ်ခင်ကြင်နာခြင်း ရှိကြလေသည်။

မနှင်းမြိုင်မှာလည်း အစစအရာရာ လိမ္မာချေမြစ် ကျစ်လျစ်သိပ်သည်းခြင်း ရှိသောကြောင့် သစ်ခေါင်းကတော်ကြီးသည် မနှင်းမြိုင်အား အလွန်ယုံကြည်စိတ်ချ၍ ရှိသမျှပစ္စည်းကို ထိန်းသိမ်းစေသဖြင့် မနှင်းမြိုင်မှာ "သော့ကိုင်" ဖြစ်လေသည်။

မနှင်းမြိုင်မှာ လုံးတော် ရပ်တော်နှင့် အသားလတ် ဟူ၍ ခေါ်ရမည် ဖြစ်သော်လည်း အလွန်ကြည်လင်သော အသားအရေ ရှိသည် ဖြစ်၍ အကြောကလေးများသည် ပါးပြင် တစ်ဖက်တစ်ချက်၌ စိမ်းလဲ့လဲ့ မြင်ရမတတ် မှတ်ထင်ရပေ၏။ "ခါးသေး၍ ရင်ချီ ပဒုမ္မနိ" ဆိုသော စာဆိုမှာ မနှင်းမြိုင်

mgyoe.com

mgyoe.com


အဖို့၌ အလျှင်းပင် ပိုမို ကြွားဝါသည်ဟု မဆိုနိုင်ချေ။ သွားဟန် လာဟန်နှင့် ကိုယ်ဟန်အမူအရာတို့မှာလည်း အလွန်တရာ ညက်ညောသိမ်မွေ့သည် ဖြစ်၍ ရွှေနန်းသူတမျှ ယဉ်ကျေးလှပေသည်ဟု အခြားသူတို့၏ ချီးမွမ်းခြင်းကို ခံရလေသည်။

မျက်နှာသွယ်သွယ်နှင့် ပြေပြစ်သော နဖူး၊ ဆေးမင်မသားဘဲ မည်းနက်၍ သေးသွယ်ဖြောင့်တန်းသော မျက်ခုံး၊ ကြည်လင်သော မျက်လုံးတို့မှာ စာမဖွဲ့ လောက်ဟု ဆိုရစေကာမူ ဆံပင်မှုကား "ကေသာသုံးတောင် ပိတုံးရောင်" ဆိုသော စာဆိုနှင့် ကိုက်ညီမတတ် ရှိနေပေတော့၏။ နှာတံကလေးကလည်း ခပ်ပေါ်ပေါ်၊ ပါးစပ်ကလေးမှာ မဆိုလောက်ကလေးမျှ ကျဉ်းသော်လည်း နီမြန်းသော နှုတ်ခမ်းတို့ကို ချီးမွမ်းနေရသည့်အတွက် ၎င်းချွတ်ယွင်းချက်ကို သတိမရနိုင်အောင် ရှိလေတော့၏။ သွားတို့မှာလည်း ညီညာလှ၍ ကနကမာ ကဲ့သို့ အရောင် ရှိ၏။ မိန်းမတို့၏ ဣန္ဒြေကို စောင့်ထိန်းမှု၍ မျက်နှာပိုးသတ်လျက် ရှိသည့်အခါတွင် ရှည်ကော့သော မျက်တောင်တို့သည် မျက်လုံးများကို ဖုံးအုပ်လျက် ရှိ၏။ စိတ်နှလုံးရွှင်ပျ၍ ပြုံးရယ်လိုက်သည့်အခါတို့၌လည်း ပါးချိုင့်ကလေးတို့သည် ပြည့်တင်းသော ပါးပြင် တစ်ဖက်တစ်ချက်၌ ပေါ်လာကာ လှပသော မျက်နှာကို တိုး၍ ကျက်သရေရှိအောင် ဖြည့်စွက်ပေးလေ တော့၏။

ကာလသားများသည် ပြက်ရယ်ပြောခြင်း၊ ပြောင်လှောင်ခြင်း အစရှိ သည်တို့ကို ရှေ့တွင် မပြောဝံ့လောက်အောင် တည်တံ့သော ဣန္ဒြေလည်း ရှိ၏။ သာယာချိုအေးသော အသံဖြင့် မျက်နှာထား ခပ်ပြုံးပြုံးထားပြီးလျှင် နာပျော်ဖွယ် ရှိသော စကားကိုလည်း ဆိုတတ်၏။ အဆိုပါ ဂုဏ်အခြင်းအရာ တို့နှင့် ပြည့်စုံကြောင်းကို အများပင် သိကြသောကြောင့် ဂုဏ်သရေရှိ သားရှင် တို့သည် "မနှင်းမြိုင်ကလေး ငါတို့ ချွေးမဖြစ်လျှင် တော်လေစွ" ဟု အောက်မေ့မိကြသော်လည်း သစ်ခေါင်းကတော်ကြီးကို ရွံ့ကြသည် တစ်ကြောင်း၊ မနှင်းမြိုင် သတင်းကျော်လွန်း၍ ပြောရန်ခက်သည် တစ်ကြောင်းကြောင့် မပြောဝံ့ဘဲ ရှိနေကြလေ၏။

ကာလသားလေးဦးတို့ ပြောဆိုချီးမွမ်းကြသည့် ညနေ၌ သစ်ခေါင်း ကတော်ကြီးသည် ကောလင်းမှ ဧည့်သည်များ ရောက်လာ၍ ရှားတောရွာတွင် ရပ်သေးပွဲ ရှိသည်ဟု ကြားသဖြင့် ဧည့်သည်များကို ပွဲလိုက်၍ပြမည် ကြံသော

mgyoe.com

mgyoe.com


ကြောင့် သမီးနှင့် တူမတို့ကို ခေါ်၍ ပွဲသွားမည့်အကြောင်း ပြောရာ ညီအစ်မနှစ်ယောက်တို့သည် သနပ်ခါး ပန်းမန်တို့နှင့် သစ်လွင်သော အဝတ်အစားတို့ကို ဝတ်ဆင်ကာ လှည်းနှစ်စီးနှင့် ပွဲသို့ ခပ်စောစောကပင် သွားကြလေ၏။

ကျေးတောအရပ်၌ ပွဲကြည့်ကြသည်များမှာ မြို့မှာကဲ့သို့ ကော်ဇော၊ ဖျာ၊ ရိုင် စသည်တို့ကို ခုတင်ပေါ်၌ ခင်းကျင်း၍ ကြည့်ကြသည် မဟုတ်။ မိမိတို့ စီးနင်းလာရောက်ကြသည့် လှည်းများကို ရုပ်သေးစင်ရှေ့၌ ချွတ်ပြီးလျှင် လှည်းဝိုင်းကြီးဖွဲ့၍ လှည်းပေါ်တွင် ကော်ဇော၊ သင်ဖြူးများ ခင်းကျင်းကာ ထိုင်ရကြလေသည်။

ထိုညဥ့်၌ မနှင်းမြိုင်တို့ လှည်းများမှာ ကံအားလျော်စွာ ခင်မောင်ညွှန့်၊ ခင်မောင်ကွန့်တို့၏ လှည်းရှေ့၌ ကပ်လျက် ရှိနေလေသည်။

သို့ရာတွင် ခပ်စောစော၌ မနှင်းမြိုင်တို့သည် မုန့်ပဲသရေစာ စားသောက်ရန် ဈေးတန်းသို့ သွားနေကြသည် ဖြစ်သောကြောင့် လှည်းချင်းနီးကြောင်းကို ခင်မောင်ညွှန့်တို့က မသိကြချေ။ အကြော်ဆိုင်မှ ရုတ်တရက် ပြန်လာ၍ လှည်းပေါ်သို့ တက်ရောက်သောအခါမှ မနှင်းမြိုင် မသင်းကြိုင်တို့သည် သစ်ခေါင်းကတော်ကြီးနှင့် ရှေ့နားက ထိုင်လျက်နေကြသည်ကို မြင်ရ၍ ခင်မောင်ညွှန့် အကြံဖြစ်သည်မှာ "ခင်မောင်ကွန့်နှင့် ငါ၏ သူငယ်ချင်းများသည် ငါနှင့် မနှင်းမြိုင်တို့ ချစ်ကြိုက်နေကြသည့် အကြောင်းကို မသိရှာကြရုံမက ရသူကို ငွေ (၁၀၀၀) ပေးတမ်း လောင်းစားကြရှာသေးသည်" ဟု အောက်မေ့လျက် ခင်မောင်ကွန့်ကို လှမ်းကြည့်လိုက်ရာ ညီတော်မောင်ကားမနှင်းမြိုင်အား စိုက်၍ကြည့်နေသည်ကို မြင်ရလေ၏။

ထိုအခြင်းအရာကို မြင်သဖြင့် ခင်မောင်ညွှန့် စဉ်းစားပြန်သည်မှာ "ငါသည် ညီရင်းတမျှ ချစ်ခင်ရှာသော ခင်မောင်ကွန့်နှင့် ရည်းစားလုဘက်ဖြစ်ရချေဦးတော့မည်၊ ယင်းသို့ဆိုလျှင် သူသည် ငါ့အား အရင်ကလို ချစ်ခင်ခြင်း ယုံကြည်အားထားခြင်း ရှိတော့မည် မဟုတ်၊ မှောင်တကာတို့တွင် ဤမှောင်သည် အမိုက်ဆုံးဖြစ်၍ အစ်ကိုကိုပင် မနာလိုက ရန်ငြိုးထားချေတော့မည်။ မနှင်းမြိုင်ကဲ့သို့သော အချောအလှမှာကို တွေ့မည်ဆိုလျှင် တွေ့နိုင်သေးသည်။ အကယ်၍ မတွေ့စေကာမူ ခင်မောင်ကွန့်၏ မိဘများသည် ငါ့အား သားရင်းနှင့်မခြား သနားကရုဏာပင် ပိုပေသေးသည်။ ငါတို့အကြောင်းကို ခင်မောင်ကွန့် သိလျှင် ရန်ငြိုးထားပေလိမ့်မည်။ ယင်းသို့ဆိုလျှင် မိဘ

mgyoe.com

mgyoe.com


များသည် ငါတို့အတွက် စိတ်ဒုက္ခရောက်ရန် ရှိသည်။ သို့ဖြစ်၍ ခင်မောင်ကွန့်သာလျှင် ကြံပါစေတော့၊ ငါမူကား ယနေ့မှစ၍ မနှင်းမြိုင်အပေါ်၌ ဖြစ်ပွားမိသော မေတ္တာစိတ်ကို မျိုသိပ် ချုပ်တည်း၍သာ နေတော့အံ့" ဟု သန္နိဋ္ဌာန် ချလိုက်လေသည်။

ဤကဲ့သို့ စိတ်ကိုတင်းပြီးနောက် ပွဲကနေသည်ကို မြင်စေရန် အာရုံစူးစိုက်ခြင်း မဟုတ်ဘဲ ရှေ့သို့ ရော်ရမ်း၍ ကြည့်လိုက်ရာ မနှင်းမြိုင်နောက်သို့ လှည့်အကြည့်လိုက်နှင့် မျက်နှာချင်း ဆုံမိသဖြင့် မနှင်းမြိုင်သည် ပြုံးရယ်ကာ မသင်းကြိုင်အား စကားပြောနေသည့်ဟန်နှင့် ခင်မောင်ညွန့်ကို ကြည့်နေလေ၏။

ခင်မောင်ညွန့်သည် မနှင်းမြိုင်၏ ရွှန်းပသော မျက်နှာကလေးကို မြင်လိုက်ရသည်တွင် ချမိသော သန္နိဋ္ဌာန်ကို ရုတ်ခြည်းပင် ပြန်၍ သတိရလိုက်သည်နှင့် မျက်နှာပိုးသတ်ကာ မနှင်းမြိုင်ကို မမြင်ဟန်ပြု၍ ပွဲကို စူးစိုက်ကြည့်နေလေ၏။

ထိုအခါ မနှင်းမြိုင်၏စိတ်ထဲတွင် "ခင်မောင်ညွန့်သည် မိမိကို မြင်ပါလျက် အဘယ်ကြောင့် မမြင်ဟန် ပြုနေပါလိမ့်၊ မိမိအပေါ်တွင် သဘောမကျစရာ အချက်များ တွေ့လေရောလား၊ မိမိ ပွဲသို့ လာရခြင်းမှာ ပွဲကြည့်ချင်၍ မဟုတ်ဘဲ ခင်မောင်ညွန့်နှင့် မျက်နှာချင်း ဆုံလို၍သာ မသင်းကြိုင်အား ဧည့်သည်များကို ပွဲကြည့်ရန် တိုက်တွန်းစေခြင်းအားဖြင့် ဤပွဲသို့ ရောက်လာခဲ့ကြသည်။ ယခုမူ မိမိ မျှော်လင့်သူ၏ မျက်နှာထားမှာ အလိုက်မသိ စိမ်းကားရက်စက်ပါဘိတော့" ဟု တွေးတောကာ အမှောင်ဘက်သို့ လှည့်၍ မျက်ရည်များ ကျမိရှာတော့၏။

ဤကဲ့သို့ မနှင်းမြိုင်မျက်နှာ မသာမယာ ဖြစ်နေသည်ကို ခင်မောင်ညွန့် လှမ်း၍ မြင်မိလေ၏။

တစ်ယောက်အပေါ်တစ်ယောက် စိတ်နေစိတ်ထားချင်း တူညီနေကြသော ချစ်သူများ ဖြစ်သည့်အတိုင်း ခင်မောင်ညွန့်သည် မနှင်းမြိုင်၏ အမူအရာကို မြင်ခြင်းအားဖြင့် အတွင်းစိတ်ဓာတ် ဖြစ်ကည်နေပုံကို ရိပ်မိလာ၍ "ငါ့ချစ်သူတော့ ငါ့ကို အထင်လွဲပြီ၊ အကြောင်းစုံ ရှင်းပြလို့လည်း မဖြစ်၊ အင်းသူကလေး ငါ့ကြောင့် စိတ်ဒုက္ခ ရောက်ရရှာပေါ့" ဟု တွေးတောကာ ရင်ဘတ်ကို ကြိုးဖြင့် စည်းနှောင်ထားဘိသကဲ့သို့ အသက်ရှူတင်းကျပ် လေးလံခြင်း ဖြစ်ရ

mgyoe.com

mgyoe.com


လေ၏။ သို့သော် မိမိကိုယ်တိုင် ဤကဲ့သို့ ဒုက္ခတွေ့ရခြင်းသည် မိမိညီနှင့် မိဘများအတွက် ဖြစ်ချေသည်။

"ပျက်ရခြင်း အတူတူ စောစောက ပျက်စေတော့၊ မိမိ စိမ်းကားလျှင် သူလည်း စိတ်နာလာလိမ့်မည်၊ စိတ်နာမှသာလျှင် မိမိအပေါ် အချစ်ပေါ့၍ သူ့စိတ်သူ ဖျော်ဖြေရန် အထောက်အခံရရှိမည်" ဟု အောက်မေ့မိ၏။

ဤသို့ တတ်နိုင်သမျှ စိတ်ပြေရာ ပြေကြောင်းကို ဆွဲငင် တွေးယူပါ သော်လည်း နဂိုက မချိသော စိတ်ဓာတ်ကို ဤအတင်းအကျပ် သယ်ဆောင်ရသော စိတ်ဖြေမှုဒဏ်နှင့် ပေါင်းလိုက်သည်တွင် ဟန်မဆောင်နိုင်လောက်အောင် မျက်ရည်များ ရစ်ဝဲလာလေသဖြင့် အနီးရှိ ခင်မောင်ကွန့်အား "ညီညီရယ်၊ ကိုကို အိပ်ချင်လှတယ်" ဟု ပြောကာ တုံးလုံးလှဲလိုက်ရလေ၏။

မနှင်းမြိုင်လည်း မျက်ရည်များကို ဆည်လျက် မိန်းမတို့၏ ဣန္ဒြေကို ငဲ့၍ စိတ်နှလုံး မသာယာသည့်အဖြစ်ကို အခြားသူတို့ မရိပ်မိစေဘဲ ပွဲဘက်သို့ လှည့်နေလိုက်လေ၏။

သို့သော် ပွဲပြသည်ကို စိတ်မဝင်စားနိုင်ဘဲ ဘာဇာတ် ဘယ်လို ပြသည် မသိ၊ မိမိ ချစ်သူ အကြောင်းကိုသာ တွေးတောလျက် တစ်ချက် တစ်ချက် နောက်သို့ ပြန်၍ လှည့်ကြည့်လိုက်ပါသော်လည်း ခင်မောင်ညွှန့်ကို မမြင်ရသဖြင့် အသည်းနှလုံးကို မီးကျီးခဲဖြင့် ကင်လိုက်ဘိသကဲ့သို့ မချိတရိ ပူဆွေးမိရှာလေ၏။

သန်းခေါင်ယံ အချိန်လောက်တွင် ပွဲစခန်း ခေတ္တရပ်နား၍ မုန့်ပဲသရေစာ စားသောက်ရန် ညဈေးတန်းသို့ ထွက်ကြမည်ပြုသောအခါ မနှင်းမြိုင်က –

"ဒေါ်ဒေါ်ရေ၊ ကျွန်မ ခြေတွေအေးလို့ မလိုက်တော့ဘူး၊ ဒေါ်ဒေါ်တို့ပဲ သွားကြတော့"

ဟု ပြောသည်တွင် သစ်ခေါင်းကတော်ကြီးကလည်း –

"ဒါဖြင့် ဒေါ်ဒေါ်လည်း မထွက်တော့ဘူး၊ သူတို့ပဲ သွားကြပါစေတော့"

ဟု ပြောသဖြင့် ဒေါ်မြကြီးနှင့် မသင်းကြိုင်တို့သာ လှည်းပေါ်မှ ဆင်း သွားကြလေ၏။

မသင်းကြိုင်နှင့် ဒေါ်မြကြီးသည် ညဈေးတန်းမှ စားသောက်စရာ

mgyoe.com

mgyoe.com


တို့ကို ဝယ်ယူကာ ပြန်လာခဲ့ကြစဉ် လမ်းတွင် အမူးသမားများ ရန်းရင်းဆန်ခတ် ဆူဆူညံညံ ဖြစ်နေကြသည်ကို တွေ့ဆုံသဖြင့် ကြောက်လန့် တိမ်းရှောင်ရင်းပင် တစ်ယောက်တစ်ကွဲ ဖြစ်သွားကြလေတော့၏။

မသင်းကြိုင်သည် တစ်ယောက်တည်း မိမိ လှည်းဆီသို့ မပြန်တတ်ဘဲ မျက်စိလည်၍နေရာ မနှင်းမြိုင်ကို နောက်ပိုးရန် အကြံထုတ်နေသော မောင်တင်မောင်သည် ကြောင်လည်လည် ဖြစ်နေသည့် မသင်းကြိုင်ကို မြင်လေလျှင် အနီးသို့ ရုတ်တရက် လျှောက်လာကာ –

"ဘယ့်နှယ် ညီမလေး တစ်ယောက်တည်းလား၊ ဘယ်သွားမလို့လဲ"

ဟု နှုတ်ဆက်လေ၏။

မသင်းကြိုင်သည် မောင်တင်မောင်ကို မြင်ဖူးခဲ့ရုံသာ ဖြစ်သော်လည်း မိမိ အခက်အခဲ တွေ့ကြုံနေရသဖြင့် ပြုံးရွှင်ဖော်ရွေစွာပင် –

"ကျွန်မ ဒေါ်မြကြီးနဲ့အတူ ပွဲဈေးတန်းက ပြန်လာတာ၊ ခုန အမူးသမားတွေ ရန်းရင်းဆန်ခတ် ဖြစ်တာနဲ့ ဒေါ်မြကြီးနဲ့ ကွဲသွားပြီ ကျွန်မ တစ်ယောက်တည်း မျက်စိလည်နေတာ ကိုယ်လာခဲ့တဲ့လမ်းကို ပြန်ရှာမတွေ့တော့ဘူး"

မောင်။ "သြော် – ဖြစ်မှဖြစ်ရလေ ညီမလေးရယ်၊ ကိုကြီး လိုက်ပို့ပါ့မယ် မပူပါနဲ့၊ လာကွယ် မပြန်ခင် ပွဲဈေးတန်းသွားပြီး မုန့်စားကြဦးစို့၊ ကိုကြီးလည်း မုန့်စားသွားမလို့ အဆင်သင့်ပဲ" ဟု လောကွတ်ပျူငှာစွာ ခေါ်လေသဖြင့် မသင်းကြိုင်သည် ငြင်းဆိုရန် အားနာလှသည်နှင့် ညဈေးတန်းသို့ တစ်ဖန် လိုက်ပါသွားရလေ၏။

မောင်တင်မောင်သည် အကြော်ဆိုင်တစ်ခုသို့ ရောက်သောအခါ မသင်းကြိုင်ကလေးကို ချစ်ခင်ကြင်နာသော အမူအရာဖြင့် ကြည့်ကာ –

"သြော် – ညီမလေး ချမ်းနေရှာမှာပဲ ရော့ရော့၊ ကိုကြီး အင်္ကျီကို ဝတ်ထား"

ဟု ဆို၍ သူ၏ သားမွေးအင်္ကျီကို ချွတ်ပေးပြီးနောက် အကောင်းဆုံးသော မုန့်ပဲသရေစာတို့ကို မှာယူကာ စေတနာ ရက်ရောစွာနှင့် ကျွေးမွေးလေ၏။

မောင်တင်မောင်မှာ လူမှုရေးရာ၌ အတော်ပင် ကျွမ်းကျင်လိမ္မာသူ ဖြစ်လေသည်။ လူကြီးနှင့်တွေ့လျှင် လူကြီးအလိုက်၊ ကာလသားများနှင့် ဆိုလျှင် ကာလသားအလိုက်၊ ကလေးဖြစ်လျှင် ကလေးအလိုက် ကြိုက်နှစ်

mgyoe.com

သက်အောင် ပြောဆိုတတ်သူ ဖြစ်၍ မောင်တင်မောင်နှင့် မသင်းကြိုင် ကလေးမှာ မကြာမီပင် ရင်းနှီးခင်မင်သော အဖြစ်သို့ ရောက်ရှိသွားလေ၏။

အကြော်အလှော်များကို စားသောက်ပြီးကြ၍ မောင်တင်မောင်သည် မသင်းကြိုင်အား လှည်းဆီသို့ လိုက်ပို့သောအခါ ဒေါ်မြကြီးမှာ ရောက်နှင့်နေ၍ လူချင်းကွဲသွားပုံကို ပြောဆိုနေဆဲ ဖြစ်၏။ ယင်းသည့်အခိုက် မောင်တင်မောင်နှင့် မသင်းကြိုင်တို့ ရောက်လာကာ မသင်းကြိုင်သည် မျက်စိလည်နေခြင်းဖြင့် မောင်တင်မောင် လိုက်ပို့ရခြင်းတို့ကို ပြောပြလေ၏။

သစ်ခေါင်းကတော်ကြီးသည် မောင်တင်မောင်ကို များစွာ ကျေးဇူးတင်လှ၍ လက်ဖက်၊ ချင်းသုပ်များ စားသောက်ရန် လှည်းပေါ်သို့ ဖိတ်ခေါ်လေရာ အကြိုက်တွေ့သွားသော မောင်တင်မောင်မှာ မကြာမီ မနှင်းမြိုင်တို့ လှည်းပေါ်သို့ ရောက်သွားလေ၏။

ထို့နောက် မနှင်းမြိုင်တို့ အိမ်သားတစ်စုနှင့် မောင်တင်မောင်မှာ ရှေးယခင်က ရင်းရင်းနှီးနှီး မသိကျွမ်းခဲ့ကြချေ၊ မည်သူမည်ဝါ ငဖြူ ငမည်းဟူ၍သာ သိရှိကြသည်။

ယနေ့ညမှပင် မသင်းကြိုင်ကလေးကို အကြောင်းပြုပြီး ရင်းနှီးရလေသည်။ မောင်တင်မောင်မှာ ပြောရေးဆိုတာတွင် အတော်ပင် ချေင်သူ ဖြစ်၍ လူကြီးနှင့် မိန်းကလေးများ နှစ်သက်တတ်သည့် ဖြောင့်မတ်တည်ကြည်သော အမူအရာကို ဆောင်ကာ၊ မနှင်းမြိုင်အား မကြာခဏ ကြည့်ရှုရင်း သူ၏ အကောင်းဆုံးသော ဟန်ပန်လေသံတို့ကို ထုတ်ဖော် ပြသလေ၏။

မနှင်းမြိုင်မှုကား သူ ပြောဆိုနေသည်တို့ကို စိတ်မဝင်စားဘဲ ခင်မောင်ညွှန့်၏ အကြောင်းကိုသာ တွေးတောနေရှာ၏။

မောင်တင်မောင်သည် သူ့အစွမ်းရှိသလောက် သူ့ကို ချစ်ခင်နှစ်သက်အောင် စကားရေးကြွယ်ခဲ့၍ ဦးတင်နှုတ်ဆက် ပြန်သွားသောအခါ သစ်ခေါင်းကတော်ကြီးတို့ လူစုသည် မောင်တင်မောင် တော်ကြောင်း၊ ရုပ်ရည်သန့်ကြောင်း၊ လူကြီးမှန်း လူငယ်မှန်း သိတတ်ကြောင်းများကို ချီးမွမ်း ပြောဆိုကြပြီးလျှင် သစ်ခေါင်းကတော်ကြီးက –

"မနှင်းမြိုင်ကော မောင်တင်မောင် အကြောင်းကို ဘယ်လို ယူဆသလဲ"

ဟု မေးလေ၏။ မနှင်းမြိုင်လည်း မောင်တင်မောင် အကြောင်းကို သူတို့နည်းတူ စိတ်ဝင်စားနေလိမ့်မည်ဟု တွေးထင်ဟန် ရှိ၏။ သို့သော်

mgyoe.com

မနှင်းမြိုင်မှာ သူတို့ ချီးမွမ်းကြသော စကားများကို မကြား၊ တခြား၌ စိတ်ရောက်နေသူ ဖြစ်၍ –

"ဘာကို မေးတာလဲ ဒေါ်ဒေါ်ရဲ့"

ဟူ၍ပင် ပြန်မေးလိုက်သဖြင့် သစ်ခေါင်းကတော်ကြီးမှာ အံ့အားသင့်ကာ–

"မနှင်းမြိုင် ဒီနေ့ည ဘာဖြစ်ပါလိမ့်၊ ခါတိုင်းနဲ့ မတူဘူး"

မနှင်းမြိုင်မှာ အနည်းငယ် မျက်နှာပျက်သွားကာ –

"ဘာမျှ မဖြစ်ပါဘူး ဒေါ်ဒေါ်ရယ်၊ ဒီနေ့ ကျွန်မ ခေါင်းနည်းနည်း ကိုက်လို့ပါ"

ဟု ပြောပြီး တဘက်ကို ခေါင်းမြီးခြုံ၍ ပွဲဘက်သို့ လှည့်နေလိုက်လေ၏။

ဖော်ပြခဲ့သော အမှုးသမားတို့၏ ရန်းရင်းဆန်ခတ် ဖြစ်မှုကြောင့် ဒေါ်မြကြီးနှင့် မသင်းကြိုင်တို့ လူစုကွဲ၍ အသွားတွင် ခင်မောင်ညွှန့် အိပ်နေစဉ် ပွဲဈေးတန်းသို့ မုန့်စားထွက်ခဲ့သော ခင်မောင်ကွန့်သည် ဒေါ်မြကြီးနှင့် တွေ့ဆုံလေ၏။

ခင်မောင်ကွန့်မှာ မနှင်းမြိုင်ကို "ပိုးတော့မည်" ဟု ဆုံးဖြတ်ထားသူ ဖြစ်၍ ဒေါ်မြကြီးကို မြင်လျှင်မြင်ချင်း အယ်လဲဝမ်းသာနှင့် –

"အလို ဒေါ်ဒေါ်ပါလား၊ တစ်ယောက်တည်း ဘယ်ကလာခဲ့တာလဲ"

မြ ။ ပွဲဈေးတန်းက ပြန်ခဲ့တာ၊ လာရင်းက တစ်ယောက်တည်း မဟုတ်ဘူး ကွဲ့၊ မသင်းကြိုင်နဲ့ နှစ်ယောက်၊ ခုတင်က ရန်းရန်းရင်းရင်း ဖြစ်လိုက်တာနဲ့ ကောင်မလေး ဘယ်ရောက်သွားမှန်း မသိဘူး။ အဲဒါ ခုလိုက်ရှာနေတာ၊ မောင်မောင်များ မတွေ့မိဘူးလား"

ကွန့်။ "မတွေ့မိဘူး ဒေါ်ဒေါ်ရဲ့၊ လာလေ ကျွန်တော်နဲ့အတူ လိုက်ရှာတာပေါ့"

ဟု ဆိုပြီး နှစ်ယောက်သား လှည့်ပတ် ရှာဖွေကြလေ၏။ သို့သော် ဖော်ပြခဲ့သည့်အတိုင်း မောင်တင်မောင်နှင့် အလွမ်းသင့်နေသော မသင်းကြိုင်ကိုကား မတွေ့။ ရွှေဘိုမြို့ သစ်ကုန်သည်ကြီး ဦးဘိုးစော၏ သမီး မမြကြည်ကို သူ၏ အဖော်တစ်စုနှင့်တကွ လမ်းတွင် တွေ့ဆုံကြ၍ ဒေါ်မြကြီးမှာ ခင်မင်ရင်းနှီးသူ ဖြစ်သည့်အားလျော်စွာ အတန်ကြာအောင်ပင် နှုတ်ဆက်စကား ပြောဆိုနေကြ၏။

mgyoe.com

mgyoe.com


ဤစဉ်တွင် ခင်မောင်ကွန့်မှာ အနီးတွင် မတ်တပ်ရပ်လျက် ရှိ၏။

မမြကြည်တို့ လူစုနှင့် နှုတ်ဆက် ခွဲခွာကြပြီးသောအခါ ခင်မောင်ကွန့်နှင့် ဒေါ်မြကြီးသည် စားသောက်စရာ ဆိုင်တစ်ဆိုင်ထဲသို့ ရောက်သွားကြလေ၏။

ရည်ရွယ်ချက်ရှိသော ခင်မောင်ကွန့်သည် စေတနာ ဒလဟောနှင့် ဒေါ်မြကြီးအား ကျွေးမွေးပြုစုနေစဉ် အောင်သွယ်၍ စားတတ်သော ဝါသနာ ဓာတ်ခံက သိပ်မည့်လှသော ဒေါ်မြကြီးက –

"ဘယ့်နှယ် မောင်မောင်ရဲ့ ခုနက သတိပြုမိပါရဲ့လား၊ မမြကြည်လေးက မောင်မောင့်ကို အတော် မျက်စိကျသွားတယ်၊ မမြကြည်ကလေးက အတော် ချောတယ်၊ ယဉ်တယ်နော်၊ သဘောလည်း သိပ်ကောင်းတာပဲကွဲ့"

ဟု စကား စလိုက်သည်တွင် ခင်မောင်ကွန့်မှာ ခုတ်ရာတစ်လွဲ ရှရာ တခြား ဖြစ်နေ၍ မျက်နှာအနည်းငယ်ရှုံ့ကာ –

ကွန့်။ "သူချောတယ်ဆိုတာ အလကားပါဗျာ၊ ဒေါ်ဒေါ် တူမ မနှင်းမြိုင် တစ်ဝက် မမီပါဘူး၊ မနှင်းမြိုင်ချောတာမှ တကယ် ချောတာ၊ ရွှေဘို နယ်မှာ နှစ်ယောက် မရှိဘူး၊ ရွှေနားတော် မကြားနိုင်လို့သာပေါ့၊ ကြားရင် ဘုရင်ကောက်မှာ အသေအချာပဲ၊ ကျွန်တော် လောင်းရဲ တယ်"

ဒေါ်မြကြီးသည် အနည်းငယ် ပြုံးကာ –

ဒီလောက်ပဲလား မောင်မောင်ရယ်၊ မောင်မောင်တော့ မနှင်းမြိုင်ကို ကြိုက်နေပြီ ထင်ပါရဲ့"

ကွန့်။ "ကြိုက်ဆို မပြောနဲ့တော့ ဒေါ်ဒေါ်ရေ့၊ ကျွန်တော်က ရှင်းရှင်းနဲ့ ဘွင်းဘွင်း ပြောတတ်တယ်၊ မနှင်းမြိုင်ကလေးသာ ရမယ်ဆိုရင်တော့ ရှိသမျှစည်းစိမ် ပုံပေးရပါစေ၊ ဒီလောက်အထိပါပဲ"

မြ။ "ဒီလိုဆို ဘာခဲယဉ်းသလဲ မောင်မောင်ရယ်၊ မောင်မောင်ကလည်း မြို့ဝန်သားပဲ၊ ရုပ်လည်းရုပ်ချော၊ ဘာပြောစရာရှိသလဲ၊ မနှင်းမြိုင် လိုဟာ ကြံရင် ရနိုင်တာပေါ့"

ကွန့်။ ဒေါ်ဒေါ် ပြောတာ ကြားရတာ ဝမ်းသာလိုက်တာ ဒေါ်ဒေါ်ရယ်၊ ဒါပေမဲ့ ဒေါ်ဒေါ်ရယ်၊ ယောကျ်ားကလေး တစ်ယောက်က မိန်းကလေးတစ်ယောက်ကို ကြံရင် အကူအညီ အမှီသဟဲတော့ လိုသေးထင်ပါရဲ့၊ ဘုရားတောင် အမှီရှိမှ ပွင့်ရတာ"

mgyoe.com

mgyoe.com


မြ။ (အနည်းငယ် ပြုံးကာ) "အမိဆိုတာ ဘာခက်သလဲ၊ ရှာရင် ရတာပေါ့ မောင်မောင်ရယ်"

ကွန့်။ (ဒေါ်မြကြီး၏မျက်နှာကို အကဲခတ် ကြည့်ရှုပြီးကာ) "ကဲ ဒါဖြင့် ဒေါ်ဒေါ်ရယ်၊ သွယ်ဝိုက်မနေပါနဲ့တော့၊ ဒေါ်ဒေါ်ပဲ ကျွန်တော့် အမိသဟဲ ဖြစ်လိုက်ပါတော့၊ ကျွန်တော် ဒေါ်ဒေါ့် ကျေးဇူးကို မမေ့ပါဘူး" ဟု ပြော၍ အိတ်ထဲမှ အသပြာ တစ်ရာထုပ်ကို ထုတ်ကာ ဒေါ်မြကြီး လက်သို့ အပ်ပြီး "စိတ်ချပါရစေနော်၊ ဒေါ်ဒေါ့်ကျေးဇူးကို ကျွန်တော် ကောင်းကောင်း ဆပ်ပါ့မယ်၊ နက်ဖြန် ဒေါ်ဒေါ့် အိမ်ကို ကျွန်တော် လာခဲ့ပါဦးမယ်"

ဟု ဆိုကာ လှူချင်းခွဲလိုက်ကြလေ၏။

ဒေါ်မြကြီးသည် ဤအောင်သွယ်ကြေး လက်ဆောင် အသပြာကို အားရဝမ်းသာ ယူဆောင်လာကာ လှည်းဆီသို့ ပြန်ခဲ့၍ မသင်းကြိုင်နှင့် လှူချင်းကွဲသွားပုံကို သစ်ခေါင်းကတော်ကြီးအား ပြောကြားနေစဉ် ဖော်ပြခဲ့သည့်အတိုင်း မသင်းကြိုင်နှင့် မောင်တင်မောင်တို့ ရောက်ရှိလာခြင်း ဖြစ်ပေ၏။

သူငယ်ချင်း လေးယောက်တို့သည် မရသောသူများက ရသောသူကို ငွေ (၁၀၀၀) စီ လက်ဖွဲ့တမ်း ကတိပြုကြပြီးနောက် သူတို့၏ လုပ်ငန်းစဉ်များတွင် ယခု မောင်တင်မောင်နှင့် ခင်မောင်ကွန့်၏ ခြေလှမ်းကို ကျွန်ုပ်တို့ သိရလေပြီ။ သို့သော် အခြားသူများနှင့်မတူ၊ တစ်မူ စခန်းသွားမည့် မောင်တိုင်းကျော်၏ အကြံအစည်ကို ဖော်ပြပါဦးမည်။

အကြော်ဆိုင်ထဲမှ သူငယ်ချင်း လေးယောက်တို့ လူစုခွဲကြပြီးသော အခါ မောင်တိုင်းကျော်သည် သူ၏ နောက်လိုက်များကို ခေါ်၍ လယ်ကွင်းကျယ်ကြီး ဖြတ်သန်းကာ အနောက်ဘက်ဆီသို့ ရှေးရှုသွားကြလေ၏။ ပွဲခင်းကျင်းသောနေရာမှ ခရီးတစ်တိုင်ခန့် ရောက်ကြသောအခါ သူတို့၏ရှေ့တစ်ခေါ် မရှိတရှိလောက်တွင် မီးမှိန်မှိန်ကလေးကို မြင်ရ၍ မောင်တိုင်းကျော်သည် (၃-၄) ကြိမ်မျှ လေချွန်လိုက်၏။ မကြာမီ လက်နက်ကိုယ်စီနှင့် လူနှစ်ယောက်သည် မောင်တိုင်းကျော်တို့ဆီကို ရောက်လာ၍ –

"ဘယ်သူများလဲ"

ကျော်။ "ကျုပ်ပါပဲ"

လူနှစ်ယောက်သည် မောင်တိုင်းကျော်၏ အသံကို မှတ်မိ၍

mgyoe.com

mgyoe.com


"ဩော် ဆရာပါလား၊ နောက်ကျလိုက်တာ၊ ဆရာကြီးက မျှော်နေတာ ကြာလှပြီ"

ထိုလူနှစ်ယောက်သည် မောင်တိုင်းကျော်တို့ လူစုကို လမ်းပြခေါ်ဆောင်သွား၍ မကြာမီပင် မီးရောင်များ အပြင်သို့ မှုန်မွှားမွှား လျှံထွက်နေသော ချုံကြီးတစ်ခုသို့ ရောက်ကြလေ၏။

မောင်တိုင်းကျော် ချုံကြီးထဲသို့ ဝင်လိုက်သောအခါ ပြုပြင် သုတ်သင်ထား၍ ရှင်းလင်းနေသော ချုံအလယ်တွင် လူ (၁၅) ယောက်ခန့် ဖဲကစားနေကြသည်ကို တွေ့ရလေ၏။ ဖဲဝိုင်းနံဘေး၌ ခုံထည်စွာ ထိုင်၍ အကောက်ယူနေသော ဒိုင်လုပ်သူက မောင်တိုင်းကျော်ကို မြင်လေလျှင် –

"အလို မောင်တိုင်းကျော် ခုမှ လာသလား၊ တယ်နောက်ကျသကိုး"

ဟု ပြောပြီး မောင်တိုင်းကျော်အား ထိုင်ရန် နေရာတစ်ခု ပေးလေ၏။

မောင်တိုင်းကျော်သည် အိတ်ထဲမှ ငွေများကို ထုတ်၍ တစ်အိမ်ဝင်ရောက်ကစားလေရာ၊ ဘူနှင့် တစ်များသာ သူ့အိမ်သို့ ခဏခဏ လာရောက် နှုတ်ဆက်သဖြင့် အတန်ကြာလျှင် ငွေအတော်ပင် သူ့ထံမှ ထွက်ခွာသွားလေ၏။

မောင်တိုင်းကျော်သည် ဖဲမရှင်သဖြင့် တဖြည်းဖြည်း စိတ်လေးလာကာ နောက်ဆုံးတွင် –

"သေလိုက်တဲ့ဖဲ လွန်ရောဗျာ၊ ဖဲကံမလိုက်တုန်း ခဏနားဦးမှပဲ"

ဟု ဆို၍ ဖဲဝိုင်းမှ ထပြီး ဖဲဒိုင်လုပ်သူကို လက်ကုတ်ခေါ်ငင်ခဲ့လေ၏။

ချုံကြီး အပြင်ဘက် မှောင်ထဲသို့ ရောက်သောအခါ၊ မောင်တိုင်းကျော်က–

"ကိုမိုးလုံးရေ၊ ကျွန်တော် ခုညလာတာ ဖဲကစားဖို့ မဟုတ်ဘူး၊ ကိစ္စတစ်ခုအတွက် ကိုမိုးလုံးရဲ့ အကူအညီကို လိုချင်လို့ပဲ"

ကိုမိုးလုံး ဆိုသူမှာ လူရည်တတ်သား မောင်တိုင်းကျော်နှင့် ကျေးဇူးခံကျေးဇူးစား ပေါင်းဖော်စားသူ ဖြစ်၍ "ဘာကိစ္စလဲ မောင်တိုင်းကျော်၊ ပြောသာပြောပါ။ ကျုပ်တတ်နိုင်ရင် ကျုပ်လူ ၅၀ ပါ အသက်စွန့်ပြီး ကူညီပါ့မယ်"

ကိုမိုးလုံး ဆိုသူမှာ နယ်နယ်ရရလူ မဟုတ်၊ သက္ကရာဇ်ကို ပြန်၍ကြည့်လိုက်သော် ယင်းသည့်ခုနှစ်ဝယ် သူ၏ "ဗိုလ်မိုးလုံး" ဆိုသော အမည်မှာ ရွှေဘိုနယ် တစ်ခွင်လုံး သိမ့်သိမ့်တုန်အောင် ကျော်စော ထင်ရှားနေသော ရွှေနားတော်ပေါက် တောပုန်း၊ ဓားပြ၊ လူဆိုးဗိုလ်ကြီး ဖြစ်ပေ၏။

မောင်မိုးလုံးမှာ အသက် (၃၀) ကျော်ခန့် ရှိ၍ ရုပ်အဆင်းမှာ သောနတ္တိုရုံ

mgyoe.com

mgyoe.com


မုဆိုး၏ အကြောင်းကို ကြားဖူးသူတို့သည် မောင်မိုးလုံးကို မြင်က "ထိုသူသည် သောနုတ္တိုရ် မုဆိုးနှင့် အမျိုးအနွယ်များ ဖြစ်လေတကား" ဟု အောက်မေ့ဖွယ် ရှိပေ၏။

ကိုယ်လုံးကိုယ်ပေါက်မှာ ဝ၍ ခြေလက်အင်္ဂါတို့သည် ကြီးမားလှပြီးလျှင် ကြမ်းကြုတ်သော မျက်နှာထား ရှိ၏။ မည်းနက်သော အမွေးတို့သည် တစ်ကိုယ်လုံး ပြည့်ဖုံးလျက် ရှိကုန်၏။

မြန်မာမင်း လက်ထက်က အုပ်ချုပ်ခြင်းသည် တောအရပ်တို့၌ ကျပ်တည်းစွာ မရှိခြင်းကြောင့် မောင်မိုးလုံးသည် မင်းပြစ်မင်းဒဏ်မှ လွတ်ကင်း တိမ်းရှောင်ကာ နေနိုင်လေ၏။ ငယ်သော တပ်များကို နှိမ်နင်း၍ ကြီးသော တပ်များကိုကား သတင်းရပြီး ဖြစ်သောကြောင့် ရှောင်တိမ်းကာ နေနိုင် လေ၏။

ထို့ကြောင့် မောင်မိုးလုံးသည် ရွာသိမ်ရွာငယ်တို့၏ ထိတ်လန့်ဖွယ် ဖြစ်ပေ၏။ ငယ်သား (၅၀) တို့သည်လည်း မိမိတို့ ဗိုလ်၏ စကားကို မြေဝယ်မကျ နားထောင်ကြရ၏။

စည်းဖောက်သော ငယ်သားတို့ကိုလည်း မောင်မိုးလုံးသည် အများ ရှေ့၌ ရက်စက်စွာ သတ်ဖြတ်ခြင်းကို ပြုသောကြောင့် များစွာ ကြောက်ရွံ့ ထိတ်လန့်ကြလေ၏။

တစ်ကြိမ်သောအခါတွင် မောင်မိုးလုံးနှင့် ငယ်သားတို့သည် ရွာတစ် ရွာကို တိုက်ခိုက်ကြရာ ငယ်သားတစ်ယောက်သည် ငွေဖလားတစ်လုံးကို ဘုံထဲသို့ မထည့်ဘဲ လျှို့ဝှက်ထားရာ ပေါ်ပေါက်သောကြောင့် အစာရေစာ မပေးဘဲ သတ်လေ၏။

ဤကဲ့သို့ ကွပ်ညှပ်သည်ကို ငယ်သားတို့ မြင်ရလေသော် နောင် ထိုကဲ့သို့ လျှို့ဝှက်ခြင်းကို မည်သူမျှ မပြုဝံ့ကြကုန်။ တိုက်ခိုက် လုယက်၍ ရသော ပစ္စည်းများကို တောထဲတွင် မူးယစ်သောက်စား ဖဲကစားလျက် ပျော်ပါးစွာ နေကြကုန်၏။

လုယက် တိုက်ခိုက်၍ မရ၊ ကြေးငွေ ပြတ်သည့်အခါတွင် မောင်တိုင်း ကျော်၏ ဖခင်ကဲ့သို့ လူရည်တတ်များထံ စာရေး၍ တောင်းတတ်၏။ မပေး လျှင်လည်း တိုက်ခိုက်တတ်၏။

မောင်မိုးလုံးကို ချီးမွမ်းဖွယ်ကောင်းသည့် အချက်တစ်ခုကား သူ့အား

mgyoe.com

ငွေကြေး ပေးကမ်းသူတို့ကို မည်သည့်အခါမျှ သစ္စာမဖျက်၊ သက်စွန့်ကြိုးပမ်း ဆောင်ရွက်တတ်ပေ၏။

မောင်တိုင်းကျော်သည် မောင်မိုးလုံးနှင့် နာရီဝက်ခန့်မျှ တီးတိုး တိုင်ပင်ပြီးလျှင် ကြက်ပေါင်ကြော်နှင့် ချက်အရက်ကို သောက်စားပြီး ပြန်ခဲ့လေ၏။

□

mgyoe.com
mgyoe.com

mgyoe.com

# အခန်း (၄)

ခင်မောင်ညွန့်နှင့် မနှင်းမြိုင်တို့ မည်ကဲ့သို့ တွေ့ဆုံဖူးသည့် အကြောင်းကို ဖော်ပြပေအံ့။

အထက်တွင် ဖော်ပြပြီးခဲ့သည့် အကြောင်းအရာ မဖြစ်ပျက်မီ (၃) ရက်ခန့်၌ ရွှေဘိုမြို့နေ သစ်ကုန်သည် ဦးဘိုးစောသည် သစ်ခေါင်းကြီးတို့ တစ်အိမ်သားလုံးနှင့် အခြား လူကြီးလူကောင်းများကို မိမိ၏ဥယျာဉ်သို့ ပျော်ပွဲစား ဖိတ်လေရာ သစ်ခေါင်းကြီးသည် သစ်ခေါင်းကတော်နှင့် သမီး မသင်းကြိုင် တူမ မနှင်းမြိုင်တို့ပါ အိမ်သားအားလုံး ဝတ်စားဆင်ယင်လျက် ဥယျာဉ်သို့ သွားကြလေ၏။

သစ်ကုန်သည် ဦးဘိုးစော၏အိမ်သည် မြို့ဝန်ကတော်ကြီး၏အိမ်နှင့် နီးသဖြင့် မြို့ဝန်ကြီး, မြို့ဝန်ကတော်ကြီးနှင့်တကွ ခင်မောင်ညွန့်, ခင်မောင်ကွန့် တို့သည်လည်း ပျော်ပွဲစား လာရောက်ကြလေ၏။

ဥယျာဉ်သို့ ရောက်လေလျှင် ခင်မောင်ညွန့်သည် မနှင်းမြိုင်ကို ယခင်က ခပ်လှမ်းလှမ်းမှပင် မြင်ဖူးသောကြောင့် ချောကြောင်း လှကြောင်းကို သေချာစွာ မသိ။ ဥယျာဉ်၌ အတူထိုင်၍ ပျော်ပွဲစားကြရာတွင်မှ မနှင်းမြိုင်၏ ကိုယ်လုံးကိုယ်ပေါက် အချိုးအစား ကျနပုံနှင့် ဝတ်ဆင် ပြုပြင်ပုံတို့ ပြေပြစ် သိပ်သည်းခြင်း ရှိသည်တို့ကို မြင်ရသဖြင့် တစ်ခဏချင်းပင် ချစ်ခင် နှစ်မက် သောစိတ် ဖြစ်ပေါ်ရကား –

"မနှင်းမြိုင် ဆိုသည်မှာ ကျော်ကြားသလောက် ချောပါပေသည်" ဟု အောက်မေ့လျက် စားဖွယ်တို့ကို ကောင်းစွာ မစားနိုင်ဘဲ မနှင်းမြိုင်၌ စိတ်အာရုံ စူးစိုက်လျက် ရှိလေ၏။

mgyoe.com

mgyoe.com


ဥယျာဉ်ပျော်ပွဲစား ဖိတ်ကြားရာ၌ ဦးဘိုးစောသည် မိမိနှင့် အလွန်တရာ အကျွမ်းဝင်သော ဂုဏ်သရေရှိ လူအနည်းငယ်တို့ကိုသာ ပင့်ဖိတ်ခြင်း ဖြစ်သောကြောင့် ယောကျ်ား, မိန်းမ သီးသန့် မခြားဘဲ ဝိုင်းကြီး (၃) ဝိုင်း ဖွဲ့ကာ ခင်မောင်ညွန့်မှာ မနှင်းမြိုင်နှင့် တစ်ဝိုင်းတည်း မျက်နှာချင်းဆိုင် ထိုင်မိလေ၏။

ခင်မောင်ညွန့်က စိုက်၍ ကြည့်သည်ကို မနှင်းမြိုင် မြင်လျှင် အပျိုကလေးတို့ဘာဝ မျက်လွှာချလျက် ထမင်းဟင်းတို့ကိုပါ မနှိုက်တတ်အောင် ယောင်ချာချာ ဖြစ်နေလေ၏။

ယင်းကဲ့သို့ မျက်နှာ မထားတတ်အောင် ရှိနေသည့်အတွင်း မနှင်းမြိုင်သည် ငါးကြော်ပန်းကန်ကို မရဲတရဲနှင့် လှမ်းစမ်း၍ နှိုက်လိုက်ရာ ခင်မောင်ညွန့်သည်လည်း ၎င်းပန်းကန်ကိုပင် လှမ်းနှိုက်ခိုက်နှင့် ကြုံ၍ ငါးကြော်တစ်ကောင်တည်းကို နှစ်ယောက် ကိုင်မိလျက် ရှိသောကြောင့် နှစ်ယောက်စလုံး ရုတ်တရက် လွှတ်ပစ်လိုက်ရာ လက်နှင့် တိုက်မိ၍ ငါးကြော်ပန်းကန် မှောက်သွားသဖြင့် တစ်ဝိုင်းလုံး ရယ်မောကြလေ၏။

ကာယကံရှင် နှစ်ယောက်တို့မှာလည်း ရှက်ကိုးရှက်ကန်းနှင့် မျက်နှာ မထားတတ်အောင် ဖြစ်၍ ထမင်းကို တက်သုတ်ရိုက် စားကြပြီးလျှင် ဥယျာဉ်ထဲသို့ အသီးသီး သွားကြလေ၏။

ဒေါ်မြကြီးသည် မနှင်းမြိုင်တို့နှင့် အတူပါလာခဲ့၍ မနှင်းမြိုင် ရှိရာသို့ လိုက်သွားပြီးလျှင် ခရေပင်ကြီးအောက်၌ ကော်ဇောတစ်ချပ်ပေါ်တွင် ထိုင်လျက်ရှိစဉ် ခင်မောင်ညွန့်သည် ခရေပင်ကြီးအနားမှ ဖြတ်သွားလေ၏။

ထိုအခါ ဒေါ်မြကြီးက ထမင်းပွဲမှ အဖြစ်အပျက်ကို သတိရ၍ ပြုံးပြီးလျှင်–

"မောင်မောင် ဘယ်သွားမလို့တုံး"

ဟု မေးလိုက်ရာ–

"ရေကန်ထဲမှာ ရေသွားချိုးမလို့"

ခင်မောင်ညွန့်က ပြန်ပြောလေ၏။

"နေရာကျလိုက်တာ မောင်မောင်၊ ရေကန်ထဲမှာ ကြာပန်းတွေ အင်မတန် ပေါတယ်၊ ငါးပွင့်လောက် ချိုးခဲ့ပါ"

ဟု ဒေါ်မြကြီးက ပြောသောအခါ ခင်မောင်ညွန့်က –

"ပန်းချိုးရပေမဲ့ ပန်မယ့်လူ မရှိတော့ ကျွန်တော်ချိုးအား မရှိပါဘူး"

mgyoe.com

mgyoe.com


ဟု မျက်နှာထား ခပ်ပြုံးပြုံးနှင့် မနှင်းမြိုင်ကို လှမ်းကြည့်ကာ ပြောၡ၏။ မနှင်းမြိုင်လည်း မရိပ်မိချင်ပြု၍ –

"မောင်မောင် ပန်စေချင်တဲ့လူများရှိရင် ပြောပါ၊ မပန် ပန်အောင် ကျွန်မ တိုက်တွန်းပေးပါ့မယ်"

ဟု ပြောသဖြင့် ခင်မောင်ညွန့်က –

"မောင်မောင် ပန်စေချင်တဲ့ သူဟာ – မနှင်းမြိုင်က ပန်ခိုင်းရင် မငြင်း ပါဘူး၊ တိုက်တွန်းဖို့ရာ မလိုပါဘူး"

ဟု ပြောလျှင် မနှင်းမြိုင်က –

"ဒါဖြင့် နေရာကျလိုက်တာရှင်၊ ကျွန်မက မရောက်ရောက်အောင် ကမ်းလိုက်ပါ့မယ်"

ဟု ပြောလေ၏။

ခင်မောင်ညွန့်သည် မျက်နှာ ရွှင်လန်းစွာဖြင့် ရေကန်သို့ သွား၍ ကြာပန်းများ ချိုးပြီးလျှင် မနှင်းမြိုင်တို့ အနီးသို့လာ၍ ကြာပန်းတစ်ပွင့်ကို မနှင်းမြိုင်၏ ဦးခေါင်းသို့ ပန်ပေးလိုက်လေ၏။

ဤနေရာ၌ ခင်မောင်ညွန့်သည် ရဲလွန်းလှသည်ဟု အချို့သူတို့က ယူဆ ကြပေလိမ့်မည်။ သို့ရာတွင် ယောကျ်ားကလေး တစ်ယောက်သည် မိမိ အလွန် ချစ်ကြိုက်သည့် မိန်းကလေးတစ်ဦးနှင့် တွေ့ဆုံရာ၌ ဘယ်သို့ စကားစ,မည် မည်ကဲ့သို့ တုံ့ပြန်လျှင် မည်ကဲ့သို့ ချေပမည် အစရှိသည်ဖြင့် စိတ်ထဲ၌ အစီအစဉ် ရေးဆွဲထားငြားသော်လည်း အကယ်ကြုံတွေ့ရသောအခါ၌ မူလက စီစဉ် ထားသော စကားများကို တစ်ခွန်းမျှ အစရှာမတွေ့ဘဲ ရုတ်တရက် ပြောမိပြောရာ ပြုမိပြုရာ ပြောတတ် ပြုတတ်ကြောင်းများကို မိမိတို့ကိုယ်တိုင် ကြုံတွေ့ခဲ့ဖူးသော ယောကျ်ား ဟူသမျှတို့ သဘောတူကြမည်ဟု မျှော်လင့်ပေသည်။

မနှင်းမြိုင်မှာ ရုတ်တရက် မျက်နှာပျက်၍သွားသော်လည်း ဒေါ်မြကြီးက စကားဖာ၍ –

"ပန်းပေးတဲ့လူကလည်း ပန်းကို လက်ထဲ မပေးဘဲနဲ့ ဘယ့်နှယ် ခေါင်းသွားပေးတာလဲ"

ဟု ရယ်မောကာ ပြောလိုက်သဖြင့် မနှင်းမြိုင်လည်း အလိုက်သင့် ရယ်မော၍ ကြာပန်းကို ပေးသည့်အတိုင်း ထားလိုက်လေ၏။

ခင်မောင်ညွန့်လည်း တစ်ခါမျှ ရည်းစားထားဖူးသူ မဟုတ်၍ မိမိပြုသော

mgyoe.com

mgyoe.com


အမှုအတွက် ရှက်တက်တက် ဖြစ်ပြီးလျှင် ဆက်လက်၍ စကားမပြောနိုင်ဘဲ ခရေပင်အောက်မှ ထွက်သွားလေ၏။

ရေကန်သို့ ရောက်ပြန်သော် ကြာပန်း ချိုးချင်အားကြီးနှင့် ရေမချိုးခဲ့ရသေးသဖြင့် အဝတ်များကို တစ်ဖန်လဲ၍ ရေချိုးပြီးမှ ရေကန်နှင့် မနီးမဝေးရှိ သစ်ပင်ကြီးအောက်၌ မနှင်းမြိုင်ကလေးသည် ကြာပန်းကလေးနှင့် ပြုံးတုံးတုံး ထိုင်နေသည့်ပုံကို မျက်စိထဲမှ မထွက်ဘဲ တစ်ယောက်တည်း စိတ်ကူးယဉ်လျက် ရှိလေ၏။

ခင်မောင်ညွန့်သည် ဘယ်မျှလောက် ကြာရှည်စွာ ထိုင်မိသည် မသိ၊ ရေကန်ဆီမှ ရုတ်တရက် အော်သံကြားသောအခါမှ လန့်၍ ထပြီးလျှင် အသံကြားရာသို့ ပြေးသွားသည်တွင်မှ မနှင်းမြိုင်ကလေးသည် ရေကန်ထဲ၌ မြုပ်ချည် ပေါ်ချည် ဖြစ်၍ ဒေါ်မြကြီးက ကမ်းပေါ်မှ –

"ကယ်တော်မူကြပါဦး"

ဟု ငယ်သံပါအောင် ဟစ်အော်နေသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ခင်မောင်ညွန့်သည် မိမိ၏ အသက်ဘေးအတွက် စိုးစဉ်းမျှ ငဲ့ကွက်ခြင်း မရှိဘဲ ရေကန်ထဲသို့ တစ်ဟုန်တည်း ခုန်ချ၍ မနှင်းမြိုင် ရှိရာသို့ ကူးသွားပြီးလျှင် နောက်တစ်ကြိမ် ပေါ်အလာတွင် ရုတ်တရက် ပွေ့ယူကာ ကမ်းဘက်သို့ ကူးလေ၏။

ကမ်းသို့ ရောက်လတ်သော် မနှင်းမြိုင်မှာ သတိမရ ဖြစ်နေ၍ ဒေါ်မြကြီးသည် လူများကို ခေါ်ရန် ချက်ချင်း ပြေးသွားလေ၏။

ခင်မောင်ညွန့်မှာ မနှင်းမြိုင်အား "အသက်မှ ရှူပါသေး၏လော" ဟု ကြီးစွာသော စိုးရိမ်ခြင်းဖြင့် လက်ကလေးတစ်ဖက်ကို မိမိ၏ လက်နက်ဖက်နှင့် ကိုင်ပွတ်လျက် –

"မနှင်းမြိုင် – မနှင်းမြိုင်"

ဟု ခေါ်စမ်းလေ၏။

မနှင်းမြိုင်သည် သတိရလာသဖြင့် မျက်စိကို တဖြည်းဖြည်း ဖွင့်ကြည့်လိုက်ရာ ခင်မောင်ညွန့်က "မနှင်းမြိုင်" ဟု အူအသည်းလှိုက်မျှ ကြင်နာသနားလှသော အသံဖြင့် ခေါ်လိုက်သည်ကို ကြားရသည်တွင် ရှက်လည်းရှက် ဝမ်းလည်းသာ တုံ့ပြန်ကြင်နာသော စိတ်သည်လည်း သဘာဝအလျောက် ဖြစ်ပေါ်လာလေ၏။

mgyoe.com

mgyoe.com


ခင်မောင်ညွန့်မှာ မနှင်းမြိုင်၏ မျက်နှာထား၌ မိမိအား ချစ်ခင်အားထားများစွာ ကျေးဇူးတင်ခြင်းတည်း ဟူသော အမူအရာတို့ကို တွေ့ရသဖြင့် နားနားသို့ကပ်ကာ တတ်အားသမျှ အားပေး စကားများ ပြောကြားနေလေ၏။

ပျိုရာမှ အိုသူအပေါင်းတို့သည် တစ်ခါတစ်ရံ၌ မျက်စိဖြင့် ကြည့်လိုက်ခြင်းသည် အဘယ်မျှ အဓိပ္ပာယ် ပါရှိကြောင်းကို ရိပ်မိကြပေလိမ့်မည်။

ဤနေရာ၌ ခင်မောင်ညွန့်က မနှင်းမြိုင်အား ကြည့်လိုက်ပုံ၊ မနှင်းမြိုင်က ခင်မောင်ညွန့်အား ကြည့်လိုက်ပုံတို့သည် မိမိတို့၌ ရှိသမျှသော စိတ်အားကို မျက်စိမှာချည်း ပေါင်းစု၍ ထားဘိသကဲ့သို့ အလွန်ထက်သန်လှသော ကြည့်ခြင်း ဖြစ်သောကြောင့် ခင်မောင်ညွန့်က "နှမအား အလွန် ချစ်ပါတယ်" ဟု ပြောရန် မလိုသကဲ့သို့ မနှင်းမြိုင်ကလည်း "နှမကလည်း ချစ်ပါတယ်" ဟု ဖွင့်ဟပြောရန် မလိုဘဲ တစ်ယောက်၏ စိတ်သဘောကို တစ်ယောက် အကဲခတ်နိုင်ကြပြီး ဖြစ်သတည်း။

ဒေါ်မြကြီးသည် လူအများကို ဟစ်ခေါ်ခဲ့၍ ပြန်ရောက်လာရာ ခင်မောင်ညွန့်သည် လူသံကြားသဖြင့် မနှင်းမြိုင်၏အနီးတွင် မျက်နှာပိုးသတ်ကာ ထိုင်နေလေ၏။

သစ်ခေါင်းကတော်ကြီးတို့ လူစုလည်း ယောက်ယက်ခတ် ပျာယီးပျာယာ လိုက်လာကြရာ မနှင်းမြိုင်အား ရေနစ်သူတို့၏ ထုံးစံအတိုင်း အိုးမှောက်ခြင်း အစရှိသည်ဖြင့် ရေအန်အောင် ပြုလုပ်ပြီးမှ သက်သာရာရလာသဖြင့် ပျော်ပွဲစားလာသူတို့ မျက်နှာ မသာမယာနှင့် အိမ်သို့အသီးသီး ပြန်ကြရလေ၏။

အိမ်သို့ ရောက်လျှင် သစ်ခေါင်းကတော်ကြီးသည် ဒေါ်မြကြီးအား အကျိုးအကြောင်း မေးမြန်းရာ ဒေါ်မြကြီးက မိမိနှင့် မနှင်းမြိုင်တို့ ခရေပင်ကြီးအောက်တွင် နှစ်ယောက်သား အေးအေးလူလူ ထိုင်နေကြရာမှ မနှင်းမြိုင်က ရေချိုးချင်သည် ပြောသဖြင့် ကြာရေကန်ထဲသို့ ရေဆင်းချိုးကြကြောင်း၊ ကြာပန်းတွေ မြင်သောအခါ မနှင်းမြိုင်မှာ လိုချင်အားကြီးနှင့် ရေနက်မှန်း မသိဘဲ တစ်ပွင့်ပြီးတစ်ပွင့် ချိုးနေရာတွင် ချောက်ထဲသို့ ကျသွား၍ ရုတ်တရက် နစ်သွားကြောင်း။

မိမိမှာ ရေကူးမတတ်သဖြင့် ကမ်းပေါ်၌ လျှောက်ပြေးကာ ငယ်သံပါအောင် ဟစ်အော်ကာမှ ခင်မောင်ညွန့် ပြေးလာ၍ ကန်ထဲသို့ ခုန်ဆင်းပြီး ကယ်ဆယ်ရကြောင်း၊ ခင်မောင်ညွန့် မလာလျှင် မိမိမှာ တစ်ယောက်တည်း

mgyoe.com

mgyoe.com


ဘယ်သို့မျှ မတတ်နိုင်သဖြင့် မနှင်းမြိုင်ခမျာမှာ သေဖို့သာရှိကြောင်းနှင့် ပြောပြလေ၏။

သစ်ခေါင်းကတော်ကြီးမှာ ခင်မောင်ညွန့် အရဲစွန့်သည့်အတွက် တူမလေးမှာ အသက်ချမ်းသာရာ ရပေသည်ဟု ခင်မောင်ညွန့်၏ ကျေးဇူးကို တတွတ်တွတ် ချီးမွမ်းရင်း မနှင်းမြိုင်၏ နဖူးကလေးကို လက်ဖြင့်သပ်ကာ သပ်ကာ –

"ဘယ့်နှယ်နေသေးလဲ တူမကြီး"

ဟု မေးလေ၏။ မနှင်းမြိုင်က အသံကလေးသဲ့သဲ့ဖြင့် –

"ကိစ္စမရှိပါဘူး ဒေါ်ဒေါ်၊ ကျွန်မ တော်တော် နေသာပါပြီ"

ဟု ပြောသောအခါ အနည်းငယ် စိတ်သက်သာရာရ၍ မနှင်းမြိုင်အနီး၌ ထိုင်ကာ ဒေါ်မြကြီးနှင့် အခြား အဖြစ်အပျက်များကို ပြောဆိုလျက် ရှိကြ၏။

ဥယျာဉ်၌ ပျော်ပွဲစားကြရာ၌ မနှင်းမြိုင်၊ ဒေါ်မြကြီးနှင့် ခင်မောင်ညွန့်တို့သည် ခရေပင်ကြီးအောက်၌ ရှိနေကြစဉ် အခြား သစ်ပင်ရိပ်ကြီးတစ်ခုအောက်မှာ သစ်ကုန်သည် ဦးဘိုးစော၏သမီး မပြကြည်၊ ဧည့်သည်များနှင့် ခင်မောင်ကွန့်တို့ လူစုသည် ဝိုင်းဖွဲ့ကာ လက်ဖက်၊ ချင်းသုပ် စသော စားစရာများကို စားသောက်လျက် ပန်းအမျိုးမျိုးတို့၏ ပွင့်ချိန်ရာသီ ဖြစ်ကြောင်းများကို ငြင်းခုံပြောဆိုလျက် ရှိကြလေ၏။

ခင်မောင်ကွန့်သည် မနှင်းမြိုင်ကို မြင်လိုက်ကတည်းက ချစ်ကြိုက်သည် ဖြစ်သောကြောင့် မနှင်းမြိုင်တစ်ယောက် ဘယ်မှာ ရောက်နေသနည်းဟု စောင်းမြောင်း ကြည့်ရှုနေစဉ် ဦးဘိုးစော စကားကောင်းနေသဖြင့် လိုက်၍လည်း မသွားသာ ကြာကြာလည်း ထိုင်မနေလို ဒုက္ခကြီး ရောက်နေလေ၏။

ဦးဘိုးစော သမီး မပြကြည်သည် အသက် ၁၇ နှစ်ခန့် ရှိ၍ ဖြူဖြူတုတ်တုတ်၊ မျက်လုံးပြူးပြူး၊ မျက်ခုံးတုတ်တုတ် ရှိနေသဖြင့် လုံးကြီးပေါက်လှ ခေါ်ထိုက်သော မိန်းကလေးတစ်ယောက် ဖြစ်ပေ၏။

မပြကြည်သည် ခင်မောင်ကွန့်၏ သားသားနားနားနှင့် ခပ်ကြွားကြွား ဝတ်ပုံ လေခပ်မာမာ ပြောပုံတို့ကို အလွန်သဘောကျ၍ လူပုံသနရုပ်ပွနှင့် အမျိုးအနွယ်လည်း ကောင်းသဖြင့် မြင်လျှင်မြင်ချင်းပင် နှလုံးညွတ်နူး အချစ်ကြူးလျက် ခင်မောင်ကွန့်အား ကြည့်ပြီးရင်း ကြည့်ရင်း ဖြစ်နေလေတော့၏။

ခင်မောင်ကွန့်ကမူ မပြကြည်ကို လုံးလုံးသတိမရ၊ မနှင်းမြိုင်ကိုသာ

mgyoe.com

mgyoe.com

စိတ်ထဲ၌ တလျက် ဦးဘိုးစော မေးမြန်းသော စကားများကို စိတ်မပါဘဲ ဝတ်ကျေဝတ်ကုံ အဖြေပေးနေရလေတော့၏။

ဤနည်းဖြင့် အချိန်ကုန်၍ ဒေါ်မြကြီး အော်သံကြားသဖြင့် ထပြေး ကြည့်ကြသောအခါမှ မနှင်းမြိုင် ရေနစ်၍ ခင်မောင်ညွန့်က ကယ်ဆယ်လိုက် ရကြောင်း ကြားသိရာတွင် ခင်မောင်ကွန့်၏ စိတ်၌ "အစ်ကိုနှင့် နေရာချင်း လဲချင်ပါဘိ" ဟု အောက်မေ့ကာ အိမ်သို့ မကျေမနပ်နှင့် ပြန်လာကြရလေ တော့၏။

မမြကြည်မှာလည်း ခင်မောင်ကွန့်၏ ရုပ်ပုံကို မိမိ၏ နှလုံးသားတွင် ဓာတ်ပုံရိုက်ကူး၍ ယူသွားလေတော့သတည်း။

❑

mgyoe.com

mgyoe.com

# အခန်း (၅)

မောင်တိုင်းကျော်သည် မောင်မိုးလုံး ထံမှ အပြန်တွင် မနှင်းမြိုင် ချောလှကြောင်းကို တေးချင်းများ ဖွဲ့နွဲ့ကာ သီဆိုလာခဲ့၍ မိမိ၏လှည်းသို့ ရောက်လတ်သော် စောင်းကြီးကို ခေါင်းမြီးခြုံလျက် ရုပ်ဖျက်ပြီးလျှင် မနှင်းမြိုင်တို့ လှည်းကို တွေ့အောင်ရှာ၍ မြင်လောက်သော နေရာမှ မတ်တတ်ရပ်လျက် ကြည့်နေလေ၏။

သစ်ခေါင်းကြီး၏ ညှော်သည်အချို့တို့လည်း မနက်ဖြန်ပင် ပြန်ကြမည် ဖြစ်၍ ပွဲပြီးအောင် မကြည့်လိုဘဲ မင်းသား မင်းသမီး ကွဲ၍ အပူတိုက်ငိုချင်း တစ်ပုဒ်အဆုံးတွင် ပြန်ရန်အချိန် တော်သင့်ပြီဟု လှည်းများကို နွားကရန် ပြင်ဆင်ကြလေ၏။

ထိုအခြင်းအရာကို မောင်တိုင်းကျော် မြင်လတ်သော် ရုတ်တရက် ထွက်သွား၍ နောက်လိုက်နောက်ပါများနှင့် အပေါင်းအဖော်တို့အား "လှည်းနှင့် ပြန်ကြပေတော့" ဟု ပြောပြီးမှ တပည့်ရင်း နှစ်ယောက်ကို ခေါ်၍ မောင်မိုးလုံးတို့ ရှိရာသို့ သုတ်ခြေတင်ခဲ့ကြလေ၏။

သစ်ခေါင်းကြီးတို့လည်း လှည်းများပြင်၍ လှည်းဝိုင်းကြီး အပြင်သို့ ရောက်အောင် ခဲယဉ်းစွာ ရှောင်တိမ်းထွက်လာရာ (၃) တီးကျော်အချိန်ခန့် ဖြစ်၍ လဆန်း (၁၃) ရက် လမင်းသည် ဝင်လုဆဲဆဲ ရှိနေလေ၏။

သစ်ခေါင်းကြီးတို့၏ လှည်း (၂) စီးသည်လည်း အဖော်မပါဘဲ လာလမ်း အတိုင်း မောင်းနှင်ခဲ့ကြရာတွင် မိုးကလည်း လင်းချိန်နီး၊ ဝင်လုနီးသော လကလည်း နှင်းဖုံးသဖြင့် ခပ်မှိန်မှိန်၊ လှည်းပေါ်ရှိ လူများလည်း ပွဲပြင်သို့ ရောက်သဖြင့် အလွန် ချမ်းအေးလှသောကြောင့် စောင်များခြုံကာ ကွေးသူက

mgyoe.com

mgyoe.com


ကွေး၊ အိပ်သူက အိပ်၊ စကားပြောသူက ပြောလျက် တအိအိ မောင်းလာကြလေ၏။

မနှင်းမြိုင်မှာ ခင်မောင်ညွှန့် စိတ်ကြောင့် ချမ်းရမှန်းလည်း မသိ၊ လှည်းပေါ်၌ ကုပ်ကုပ်ကလေးထိုင်ကာ မိမိ၏ စိတ်ကို အနည်းနည်း ဖျောင်းဖျကာ လိုက်လာရှာ၏။

ပြန်ခါနီး၍ လှည်းများကို နွားက,သဖြင့် ရုန်းရုန်းရင်းရင်းရှိစဉ် ခင်မောင်ညွှန့်၏ လှည်းသို့ လှမ်းကြည့်လိုက်သည်တွင် ခင်မောင်ညွှန့်မှာ စောင်ကိုသာ ခေါင်းမြီးခြုံထားသည်ကို မြင်ရသဖြင့် များစွာ စိတ်ပျက်၍ "ပြန်ခါနီးလို့တောင် ငါ ရှိတဲ့ဘက် တစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ နေပဲနေနိုင်လွန်းပါပေတယ်" ဟု အောက်မေ့ကာ ခင်မောင်ညွှန့် အကြောင်းကို ခရေစေ့တွင်းကျ ပြန်လှန် ဆင်ခြင်မိလေ၏။

မနှင်းမြိုင်၏စိတ်၌ ဥယျာဉ် ပျော်ပွဲစား သွားကြစဉ် ကြာပန်း အဖြစ်အပျက်နှင့် ရေနစ်ရာမှ ကယ်ဆယ်စဉ်က မိမိအား ကြည့်လိုက်သော မျက်နှာထားမှာ မိမိ ရေမွန်းသည့်အတွက်ကြောင့် ကယောင်ချောက်ချား ထင်မှားမိခြင်းဖြစ်လေသလော၊ ကယ်ဆယ်ထားသူအား သနားကရုဏာနှင့် ကြည့်ခြင်းကို ချစ်ကြိုက်သော ကြည့်ခြင်း ဟူ၍ မိမိပင် အထင်မှားခြင်း ဖြစ်လေသလော စသည်ဖြင့် ဒွိဟမကင်း ရှိနေရာတွင် ဒေါ်မြကြီးက ပွဲဘက်သို့ ထွက်မလာမီ ရိတိတိ မျက်နှာထားနှင့် လှောင်ပြောင်ကာ ပြောလိုက်သည့် စကားများကို သတိရသောအခါမှ ထိုအဖြစ်အပျက်များသည် စိတ်ကူးသက်သက် မဟုတ်၊ တကယ် ဖြစ်ပျက်သော အခြင်းအရာများ ဖြစ်သည်ဟု သိရ၏။

ယင်းသို့ဖြစ်လျှင် ယနေ့အဖို့၌ ခင်မောင်ညွှန့်သည် မိမိအား အဘယ်အချက်ကို သဘောမကျ၍ ဤကဲ့သို့ စိမ်းစိမ်းကားကား မထီလေးစား ပြုရက်သည်ကို စဉ်းစား၍ မရနိုင်ဘဲ ရှိနေပြန်သဖြင့် မကြာခဏ သက်ပြင်းချကာ လိုက်ပါလာလေ၏။

ဒေါ်မြကြီး၊ မသင်းကြိုင်နှင့် သစ်ခေါင်းကတော်ကြီးတို့မှာမူ သောက မရှိသောကြောင့် လှည်းပေါ်တွင် တရှူးရှူး အိပ်ပျော်လျက် လိုက်လာကြလေ၏။

နွားချူသံများသည် လူခြေတိတ်သောအချိန် ဖြစ်သည့်အပြင် တော

mgyoe.com

mgyoe.com


ခရီးလည်း ဖြစ်သောကြောင့် ဝေးလံသောအရပ်မှ ဂလုံ – ဂလွမ်နှင့် ဆူညံစွာကြားရ၏။

လှည်းသမားတို့လည်း နွားများကို တောက်တခေါက်ခေါက် ခေါက်ကာ တံဖျာနှင့် တို့လျက် မောင်းနှင်လာကြရာ မန်ကျည်းပင်ကြီး နှစ်ပင်သည် လှည်းလမ်း တစ်ဖက်တစ်ချက်တို့၌ ပေါက်၍ လမ်းကိုဖုံးအုပ်နေသော နေရာအနီးသို့ ရောက်လေလျှင် လေကလေး တသုတ်သုတ် တိုက်သဖြင့် သစ်ကိုင်းကြီးတို့သည် ထိုမှ ဤမှ ယိမ်းညွတ်လှုပ်ရှားကြရကား ကြီးလှစွာသော မကောင်းဆိုးဝါးကြီး နှစ်ကောင်သည် လှည်းကလေး နှစ်စီးကို လက်ကားရားခြေကားရားဖြင့် ဖမ်းတော့မည်ပြုသည်နှင့် တူလှပေတော့၏။

ရှေ့ကမောင်းသော လှည်းသမားသည် မိမိလှည်းပေါ်၌ လူများ တိတ်ဆိတ်သွားသဖြင့် အနည်းငယ် ကြောက်ရွံ့သောကြောင့် မိမိကိုယ်ကို အားပေးသော သဘောနှင့် တေးချင်းတစ်ပုဒ်ကို အော်ဟစ်ကာ ဆိုလျက် သစ်ပင်ကြီး နှစ်ပင်အောက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် လမ်းတစ်ဖက်တစ်ချက်မှ လူနှစ်ယောက်တို့သည် မြေမှ ပေါက်လာဘိသကဲ့သို့ ရုတ်တရက်ထွက်လာ၍ –

"ဟေ့ – လှည်းသမား လှည်းရပ်လိုက်"

ဟု တစ်ယောက်သောသူက ငေါက်၍ ပြောလိုက်၏။

ရှေ့က လှည်းသမားသည် ထိတ်လန့်သဖြင့် ကြိုးကို ရုတ်တရက် ဆွဲလိုက်ရာ ရှေ့လှည်း ရပ်သောကြောင့် နောက်လှည်းလည်း ရပ်ရလေ၏။

လှည်းပေါ်မှ လူများသည် လူသံကြားကြသဖြင့် ငိုက်ရာမှ လန့်နိုးကြ၍ မျက်လုံးများကို ပွတ်လျက် တောင်တောင်မြောက်မြောက် ကြည့်ရာတွင် –

"လှည်းပေါ်က ဘယ်သူမှ မဆင်းနဲ့ ဟေ့ – နားမထောင်ရင် သတ်ပစ်မယ်"

ဟု ငေါက်၍ ပြောလိုက်သော အသံကြားသဖြင့် တစ်ယောက်ကို တစ်ယောက် ကိုင်ကာ ထိတ်လန့်စွာဖြင့် ကြက်သေ သေလျက် ငေးကြည့်နေကြလေ၏။

ထိုအခါ လူဆိုးများသည် မီးခွက်နှစ်ခွက်ကို ထွန်း၍ ထုံး၊ အိုးမဲစသည်တို့ဖြင့် ရုပ်ပျက်အောင် သုတ်လိမ်းထားသော မျက်နှာတို့နှင့် ဓားရှည်

mgyoe.com

mgyoe.com


တို့ကို ဝင့်ပြီးလျှင် လှည်းပေါ်ရှိ လူများကို တစ်ယောက်စီ သေချာစွာ လိုက်ကြည့်ကြလေ၏။

မနှင်းမြိုင် အလှည့်သို့ ရောက်လေလျှင်တစ်ယောက်သော သူက "ဟုတ်ပြီ" ဟု ဆိုလိုက်သဖြင့် မနှင်းမြိုင်ကို လူနှစ်ယောက်တို့က လှည်းပေါ်မှ ပွေ့ချမည် အပြုတွင် မနှင်းမြိုင်က –

"ကယ်တော်မူကြပါ" ဟု –

ဟစ်အော်လိုက်လေ၏။

သစ်ခေါင်းကြီးသည် ကြက်သေ သေလျက် ရှိရာမှ အော်သံကြား၍ သတိရလာသဖြင့် ဓားရှည်ကို ချွတ်ပြီးလျှင် ထမည်ပြုရာ လူတစ်ယောက်သည် သစ်ခေါင်းကြီး၏ ဓားကို မိမိ၏ဓားနှင့် ရိုက်လိုက်သဖြင့် လွင့်စဉ်သွားသောကြောင့် သစ်ခေါင်းကြီးမှာ နေရာတွင် ပြန်၍ ထိုင်နေရလေ၏။

မနှင်းမြိုင်ကို လှည်းအောက် ပွေ့ချပြီးသော် တစ်ယောက်သော သူက မီးရောင်၌ ဓားကိုဝင့်လျက် –

"မင်းတို့ ရွှေဘို ပြန်ရောက်ချင်ရင် ကောင်းကောင်း ပြန်ကြ၊ လိုက်မယ်များ မကြံကြနဲ့၊ တစ်ယောက်မကျန် အားလုံး သတ်ပစ်မယ်"

ဟု ကြုံးဝါးပြီးလျှင် ရှေ့ဆုံးမှ သွားလေ၏။

လူတစ်ယောက်သည် မနှင်းမြိုင်ကို ပွေ့လျက် ကျန်လူများသည် ထိုသူအား ဓားထမ်းလျက် ဝိုင်းရံကာ ထွက်လာကြလေ၏။

အတန်ငယ် သွားလတ်သော် မိမိတို့ ချည်နှောင်ထားခဲ့သော မြင်းများကို စီးလျက် မနှင်းမြိုင်ကိုမူ လူတစ်ယောက်၏ ရှေ့မှတင်ပြီးလျှင် ဆက်လက်၍ ခရီးသွားကြပြန်၏။

နှစ်တိုင်ခန့် ခရီးသွားမိ၍ အရှေ့မျက်နှာမှ မိုးကောင်းကင်သည် လိမ္မော်ရောင်အရင့်ကဲ့သို့ နီဝါသော အသွေးအရောင် ဖြစ်ပေါ်လာ၍ နေထွက်ချိန်နီးရာတွင် ချုံတစ်ချုံသို့ ရောက်ကြလေ၏။

ထိုအခါ လူတစ်ယောက်သည် မြင်းပေါ်မှ ဆင်း၍ မနှင်းမြိုင်ကို ပွေ့ချပြီးလျှင် အခြားလူများကို ဖယ်ရှားစေ၍ မနှင်းမြိုင်အား ချုံကြီးအတွင်းသို့ ခေါ်သွားလေ၏။

ချုံကြီးအတွင်း၌ကား စားဖွယ်သောက်ဖွယ် အမျိုးမျိုးတို့နှင့်တကွ

mgyoe.com

mgyoe.com


အိပ်ရာ နေရာတို့ကိုပါ ပြည့်စုံစွာရှိသည် ဖြစ်သောကြောင့် ချုံနှင့်မတူ အိမ်ကြီး တစ်ဆောင်ကဲ့သို့ တခမ်းတနား ရှိလေ၏။

စား၊ လုံ၊ သေနတ်မှ စ၍ လက်နက်အမျိုးမျိုးတို့ကိုလည်း စီကာ၊ မှီကာ ထောင်လျက် ရှိကြ၏။

တစ်ယောက်သောသူသည် မနှင်းမြိုင်အား နေရာထိုင်ခင်း ပေး၍ စားစရာ များကို ရှေ့၌ ခင်းပြီးလျှင် –

"မိန်းကလေး အသက်ဘေးအတွက်တော့ ဘာမျှ မကြောက်နဲ့၊ သို့သော် ထွက်ပြေးမယ်လို့တော့ မကြံလေနဲ့၊ ဘုရင်ကိုယ်တိုင် တပ်တောင်တာ ဗိုလ်ထုနဲ့ ဝိုင်းသော်လည်း မင်း မလွတ်နိုင်ဘူး"

ဟု ပြောပြီးလျှင် ချုံတွင်းမှ ထွက်သွားလေ၏။

မနှင်းမြိုင်သည် အရုပ်လေးမျက်နှာတို့ကို ကြည့်ပြီးမှ မိမိ၏ ကံမကောင်း အကြောင်းမလှသော အဖြစ်ကို တွေးတော ဆင်ခြင်မိရာတွင် –

"ငယ်ရွယ်စဉ်က မိဘနှစ်ပါး ပစ်သွား၍ အဒေါ်နှင့် နေခဲ့ရသည့် အခြင်း အရာများကို သူတစ်ပါးကဲ့သို့ အဖေအမေ ဟူ၍ ခေါ်ရမည့်သူ မရှိဘဲ အဒေါ်၊ ဦးလေး ဟူ၍ ခေါ်ရရုံဖြင့်သာ တင်းတိမ်ခဲ့ရပုံများ၊ ထို့နောက် ရေကန်ရေချိုး ရာတွင် ရေနစ်သဖြင့် ခင်မောင်ညွန့်က ကယ်ဆယ်ခဲ့ပုံ အခြင်းအရာများ အစရှိသည်တို့ကို သတိရသဖြင့် ယခုအခါ မည်သည့်အကြံအစည်နှင့် ခိုးလာ သည် မသိရသည့် လူဆိုးများ၏ လက်ထဲသို့ ရောက်နေရာတွင် ရေနစ်စဉ်က ကယ်ဆယ်သကဲ့သို့ ခင်မောင်ညွန့်က လာရောက် ကယ်ဆယ်မည် ဆိုပါက ကောင်းလေစွတကား"

ဟု ခင်မောင်ညွန့်ကို တမ်းတရင်း ခေါင်းအုံးတစ်လုံးပေါ်၌ တံတောင် နှစ်ဖက် ထောက်ကာ စဉ်းစားဆင်ခြင်မိရာမှ ပါးတစ်ဖက်တစ်ချက်တို့မှ မျက်ရည်အသွယ်သွယ် စီးကျလေတော့၏။

ထိုအခိုက်တွင် မနှင်းမြိုင်သည် ချုံအပြင်မှ ခြေသံကြားသဖြင့် ကြည့် သောအခါ ရွှင်ပျသော မျက်နှာထားနှင့် ကောင်းမွန်စွာ ဝတ်စားထားသည့် မောင်တိုင်းကျော်သည် ချုံထဲသို့ ဝင်လာသည်ကို တွေ့မြင်ရလေ၏။

မောင်တိုင်းကျော်သည် ချုံတွင်းသို့ ရောက်၍ မနှင်းမြိုင်အနီး၌ ထိုင်ကာ လက်ခုပ်သုံးချက် တီးလိုက်ရာ နောက်လိုက်နှစ်ယောက်တို့ ဝင်လာကြ၍

mgyoe.com

mgyoe.com

ချက်အရက် တစ်ပုလင်းနှင့် စားသောက်ဖွယ် အမြည်းများကို ခွက်နှင့်တကွ ချထားခဲ့ပြီးမှ မောင်တိုင်းကျော်က မျက်ရိပ်ပြလိုက်သဖြင့် ထွက်သွားကြလေ၏။

မနှင်းမြိုင်သည် မောင်တိုင်းကျော်ကို မြင်လျှင် ထိတ်လန့် တုန်လှုပ်၍ စကား မပြောနိုင်ဘဲ ကြောင်တောင်ငေးလျက် ကြည့်နေရာ မောင်တိုင်းကျော်က အနီးသို့ ချဉ်းကပ်၍ ထိုင်နေသည်ကိုပင် နောက်ဆုတ်ရန် သတိမရနိုင်ဘဲ ကြက်သေ သေလျက် ကြည့်နေလေ၏။

လူနှစ်ယောက် ထွက်သွားလတ်သော် မောင်တိုင်းကျော်သည် အရက်တစ်ခွက် ငှဲ့သောက်ပြီးနောက် –

"စိတ်မပူပါနဲ့ မနှင်းမြိုင်၊ ကျုပ်မှာတော့ သူများလို အချောအလှတစ်ယောက်ကို ကိုယ့်အစွမ်းနဲ့ လှည့်မယူနိုင်လေတော့ ကြံမိကြံရာ ခပ်ကြမ်းကြမ်း ကြံမိပါတော့တယ်။ မနှင်းမြိုင်က ချောလည်း ချော၊ လှလည်း လှ၊ လူကြိုက်ကလည်း အင်မတန်များလေတော့ သူတို့ကို ဖက်ပြိုင်ပြီး မလှည့်တတ်ဘူးဗျ။ ကြိုက်နေကြတဲ့လူတွေကလည်း လူချော လူလှ၊ အပြောကောင်း၊ အဆိုကောင်းတွေ ဖြစ်လေတော့ သူတို့နဲ့ ဖက်ပြိုင်ပြီး လှည့်ရရင် ကျုပ် ရှုံးပြီးသားဆိုတာ သိရပါတယ်။ မနေ့ညက ပွဲထဲမှာ ခင်မောင်ညွန့်၊ ခင်မောင်ကွန့်တို့ မောင်တင်မောင်တို့က မနှင်းမြိုင်ကို ကျုပ် ပြိုင်ပြီး မရ၊ ရအောင် လှည့်ကြမလို့တဲ့။ ဒီတော့ သူတို့လက်ချက်ဦး မခံဘူးဆိုပြီး ကျုပ်က ကိုမိုးလုံးနဲ့ ပေါင်းပြီး အတင်းကြံရတော့တာပဲ။

"ကျုပ်မိဘများက ကျေးတောမျိုး၊ ကျေးတောနွယ် ဆိုပေမဲ့ ပိုက်ဆံကြေးငွေအရာမှာ မနှင်းမြိုင် သိတဲ့အတိုင်း သူတို့လူစုထက် မညံ့ပါဘူး မနှင်းမြိုင်ရဲ့။ ငွေရေးကြေးရေးမှာ ကျုပ်မိဘများက ကျုပ်ပြီးရင် ပြီးတာပဲ။ သားတစ်ယောက် ဆိုပြီး အင်မတန် အလိုလိုက်ထားတာ မနှင်းမြိုင်နဲ့များဆိုရင် သိပ်သဘော ကျကြမှာပေါ့ဗျာ။ အဖေကြီး ကြီးပါပြီ၊ သူ မျက်နှာလွှဲသွားရင် လယ်, ယာ, ချောင်း, မြေ အမွေအနှစ် ဆိုတာ အားလုံး ကျုပ်တို့ဖို့ချည်းပေါ့။ ဘယ့်နှယ်လဲ မနှင်းမြိုင်၊ အို ဘယ့်နှယ်လဲ ကျုပ် ပြောတာ ငိုစရာ မဟုတ်ပါလားဗျာ၊ သဘောကျရင်လည်းကျ၊ မကျရင်လည်း ဖြည်းဖြည်းတော့ သဘောကျရမှာပေါ့ဗျာ"

ဟု ပြောပြီးလျှင် ဆက်လက် ပြောဆိုရန် စကားကုန်နေသဖြင့် အကြံထုတ်သည့်သဘောနှင့် အရက်တစ်ခွက် ငှဲ့သောက်လေ၏။

mgyoe.com

mgyoe.com


မနှင်းမြိုင်မှာ မည်သို့မျှ ပြန်မပြောနိုင်ဘဲ မကြားချင်သော် မနေရ၊ မမြင်ချင်သော်လည်း မနေရ၊ သူ၏ လက်တွင်းသို့ ရောက်နေသည် ဖြစ်၍ မျက်နှာကို လက်ဖြင့် ဖုံးအုပ်ပြီးလျှင် ရှိုက်ကြီးတငင် ငိုယိုလေ၏။

ထိုအခါ မောင်တိုင်းကျော်က –

"မငိုပါနဲ့ မနှင်းမြိုင်ရယ်၊ ကျုပ်ကတော့ တောသားမို့လို့ သူတို့တစ်တွေလို ပါးစပ်က ချွဲချွဲပျစ်ပျစ် မပြောတတ်ပေမဲ့ ဝမ်းထဲက မနှင်းမြိုင်ကို ချစ်ကြိုက်နေတာ ကြာလှပြီ။ မနှစ်က ရွှေတန်ဆာဘုရားပွဲမှာ မနှင်းမြိုင်ကို မြင်လိုက်ရကတည်းက အဖေ့ကို ပြောပေးပါ၊ ပြောပေးပါ ဆိုပေမဲ့ အဖေက 'ငါတို့လို ကျေးတောမျိုးကို သဲစ်ခေါင်းကတော်ကြီးက သဘောတူမှာ မဟုတ်လို့ အဖေဖြင့် မပြောဝံ့ဘူးသားရယ်' တဲ့ ပြောလေတော့ ကျုပ်မှာ တစ်နှစ်လုံးလုံး အချစ်ကို မျိုသိပ်ထားခဲ့ရပါတယ်။ ညက ပွဲကျတော့မှ ရန်သူတော်တွေ ပေါ်လာမှန်း သိရတော့ အကြံရခက်တာနဲ့ ကိုမိုးလုံးကို ငွေတစ်ထောင် ပေးပါ့မယ်လို့ အာမခံပြီး မရအရ အတင်းကြံမိတာများ မနှင်းမြိုင်က အပြစ်လွှတ်ပါနော်၊ ကျုပ်ကို စိတ်မဆိုးပါနဲ့၊ ချစ်လွန်းအားကြီးလို့ ပြုမိပြုရာ ပြုရတယ်လို့ အောက်မေ့ပါ။ အို ဘယ့်နှယ် ငိုလှချေလား မနှင်းမြိုင်"

ဟု ပြော၍ ငုံ့နေသော မနှင်းမြိုင် မျက်နှာကို လက်ဖြင့်မော့ကာ သေချာစွာ ကြည့်လေ၏။

မောင်တိုင်းကျော်သည် ရှေးယခင်အခါများက မနှင်းမြိုင်အား ခပ်လှမ်းလှမ်းမှသာ မြင်ရရုံနှင့် ချစ်ကြိုက်စုံမက်လာခဲ့ခြင်းဖြစ်ရာ ယခုအခါ၌ မနှင်းမြိုင်၏ မျက်ခုံး မျက်လုံးမှစ၍ ပါးကလေး ပါးစပ်ကလေးများကို နီးကပ်စွာ စေ့စေ့ကြည့်မိရာတွင်မူကား ယခင်ကထက် အဆများစွာတိုး၍ ချစ်ကြိုက်လာလေတော့၏။

ရွှေလကို တိမ်ဖုံးသကဲ့သို့ မနှင်းမြိုင်၏ ကော့ရှည်သော မျက်တောင်တို့သည် ကြည်လင်တောက်ပသော မျက်လုံးများကို ဖုံးအုပ်လျက်ရှိရာ "၎င်း မျက်လုံးကလေးများဖြင့် ငါ့အား ချစ်ကြိုက်သည့် စိတ်ဓာတ်နှင့် ကြည့်ခဲ့လျှင် လူဖြစ်ရကျိုး နပ်လေစွတကား" ဟု မောင်တိုင်းကျော် အောက်မေ့မိ၏။

၎င်းနောက် မောင်တိုင်းကျော်သည် မနှင်းမြိုင်ကိုကြည့်ရင်း စိတ်ထဲ၌ ရီးတိုးရွတ ဖြစ်လာသည်နှင့် အရက်တစ်ခွက်ကို ငှဲ့သောက်ပြန်လေသည်။

ထိုအခါတွင် မောင်တိုင်းကျော်မှာ အရက်လည်းယစ် မနှင်းမြိုင်ကလည်း

mgyoe.com

mgyoe.com


ချော ဆိတ်ငြိမ်သော အရပ်လည်း ဖြစ်လေရကား စိတ်ထဲ၌ မချင့်မရဲ ဖြစ်လာ၍ မနှင်းမြိုင်၏လက်ကို ဆွဲကိုင်လျက် အနီးသို့ကပ်ကာ စကားပြောဦးမည်ပြုရာတွင် မနီးမဝေးမှ မြင်းခွာသံများ ကြားသဖြင့် နားစွင့်လျက်ရှိစဉ် မနှင်းမြိုင်သည် မောင်တိုင်းကျော်၏ အမူအရာကို များစွာ ထိတ်လန့်သောကြောင့် ကိုင်ထားသောလက်ကို အတင်းရုန်းကာ –

"ကယ်တော်မူပါ"

ဟု အသံကုန် ဟစ်လေ၏။

မြင်းခွာသံများလည်း အနားသို့ ချဉ်းကပ်လာလေရာ ချုံပြင်၌ အစောင့်ထားသော လူနှစ်ယောက်တို့သည် ချုံတွင်းသို့ ဝင်လာ၍ "လူလေးယောက် – မြင်းလေးစီးနှင့် လာသည်" ဟု ပြောလေ၏။

ထိုအခါ မောင်တိုင်းကျော်က "ကိုမိုးလုံးရဲ့ လူတွေပါကွယ်၊ ကိစ္စမရှိပါဘူး၊ အပြင်မှာသာနေကြပါ" ဟု ပြောဆဲတွင် မြင်းခွာသံများသည် ချုံပြင်သို့ ဆိုက်ရောက်လာ၍ ရပ်တန့်လေ၏။

အစောင့်နှစ်ယောက်တို့သည် ချုံပေါက်မှ ရပ်ကြည့်၍ လူလေးယောက်တို့၏ အမူအရာကို သဘောမကျသည်နှင့် အကဲခတ်လျက် ရှိကြရာ လူတစ်ယောက်သည် မြင်းလေးစီးတို့၏ဇက်ကို ကိုင်နေရစ်၍ ကျန်သုံးဦးသည် ချုံတွင်းသို့ ပြေးဝင်လာကြပြီးလျှင် နှစ်ယောက်က အစောင့်နှစ်ယောက်၏ ရင်ဝကို ဓားမြှောင်နှင့် တေ့ထား၍ ကျန်တစ်ယောက်သည် အရက်အတန်ငယ်မူးယစ် နေသော မောင်တိုင်းကျော်တို့ အနားသို့ ချဉ်းကပ်လေ၏။

မောင်တိုင်းကျော်လည်း အရက်ပုလင်းကို ကိုင်ကာ ထိုင်ရာမှ ရုတ်တရက်ထ၍ "ဘာရှုပ်တာလဲကွ" ဟု ဆိုကာ ထိုသူ၏ ဦးခေါင်းကို ရိုက်လိုက်လေ၏။

သို့ရာတွင် ထိုသူသည် မျက်စိလျင်၍ ဖျတ်လတ်လှသဖြင့် မိမိ ဦးခေါင်းသို့ တည့်တည့်ကြီးလာသော ပုလင်းကို ငုံ့၍ ရှောင်လိုက်ရာ ဦးခေါင်းကို မရိုက်မိဘဲ ကျောပြင်ကိုသာ ထိသွားလေ၏။ နောက်တစ်ခါ၌ ထိုလူသည် နောက်တစ်ကြိမ် ရိုက်မည်ပြုနေသော မောင်တိုင်းကျော်၏ လက်မောင်းအောက်မှ လျှိုးဝင်၍ အရိုက်ကို လက်သီးနှင့် ထိုးလိုက်ရာ မောင်တိုင်းကျော်မှာ "အွပ်" ခနဲ မြည်၍ ပက်လက်လန် လဲကျသွားလေ၏။

မောင်တိုင်းကျော်မှာ လက်သီးဒဏ်ချက်အပြင် အရက်မူးနေသဖြင့်

mgyoe.com

mgyoe.com


မြေပေါ်မှ မထနိုင်တော့ဘဲ ဆန့်ငင်ဆန့်ငင် ဖြစ်နေရာ ထိုသူသည် မနှင်းမြိုင်ကို ယုယစွာ ပွေ့ချီလေ၏။

မနှင်းမြိုင်မှာ ဝမ်းသာခြင်းနှင့် အံ့ဩခြင်းတို့ နှစ်ခုစလုံး တစ်ပြိုင်တည်း ခံစားရသဖြင့် အသံကျယ်စွာ အော်ဟစ်ရန် မတတ်နိုင်ဘဲ "အမယ်လေး မောင်မောင်ရဲ့" ဟု တီးတိုးဖြင့်သာ ခေါ်လိုက်ပြီးနောက် မေ့မြောသွားလေ၏။

ထိုအတောအတွင်း၌ ခင်မောင်ညွှန့်နှင့် အတူပါလာသော လူနှစ်ယောက်တို့သည် အစောင့် နှစ်ယောက်ကို ကြိုးများဖြင့် တုပ်နှောင်လျက် ရှိကြရာ ခင်မောင်ညွှန့်သည် မေ့မြောနေသော မနှင်းမြိုင်ကို မြင်းပေါ်သို့ တင်လျက် လေးဦးသားတို့သည် မောင်မိုးလုံး၏ ချုံစခန်းမှ မြင်းများနှင့် အတင်းစိုင်း၍ ထွက်ခဲ့ကြလေ၏။

အထက်တွင် ဖော်ပြခဲ့သော အဖြစ်အပျက်တို့မှာ ရေးသားရာ၌ ကြာသလောက် အကယ်မကြာဘဲ မိနစ်အနည်းငယ်အတွင်း၌ ကိစ္စပြီးစီးသွားလေရာ မောင်မိုးလုံးနှင့် တပည့်ငယ်သားတို့မှာ အတန် ကွာလှမ်းသော နေရာ၌ ရှိနေကြသည် ဖြစ်သောကြောင့် လိုက်ရန် အချိန်မရကြချေ။

မြင်းများသည် ကဆုန်ချ၍ ပြေးလာကြသည် ဖြစ်သောကြောင့် မကြာမီပင် မျက်ခြည်ပြတ်လောက်သော နေရာသို့ ရောက်လာခဲ့ကြလေ၏။

ခင်မောင်ညွှန့်သည် ရင်ခွင်၌ ပွေ့ပိုက်လာခဲ့သော မနှင်းမြိုင်ကို ငုံ့ကြည့်လိုက်ရာ မနှင်းမြိုင်ကလည်း သတိရလာသဖြင့် မော့ကြည့်ခိုက်နှင့် မျက်နှာချင်းဆုံမိကြလေ၏။

ခင်မောင်ညွှန့်သည် အသက်တမျှ ချစ်ခင်လှသော မနှင်းမြိုင်အား ထိတ်လန့် ရွံ့ကြောက်ခြင်း ပြေပျောက်အောင် အားပေးစကား ပြောကြားလေ၏။

သို့ရာတွင် မိမိ ချထားခဲ့သော သန္နိဋ္ဌာန်ကို သတိရ၍ ချစ်စိတ်ကို မျိုသိပ်ပြီးလျှင် လေသံခပ်မာမာနှင့် –

"ဒီလိုထိုင်ရတာ ကသိကအောက်နေသလား"

ဟု မေးလိုက်၏။

မနှင်းမြိုင်သည် ခင်မောင်ညွှန့်၏ မျက်နှာထားကို သဘောမကျသော်လည်း

"ကိစ္စမရှိပါဘူး၊ နေသာပါတယ်"

mgyoe.com

mgyoe.com

ဟု ပြော၍ မိမိအား ပွေ့ထားသော လက်တို့ကို ဆုပ်ကိုင်ပြီးလျှင် ခင်မောင်ညွန့်၏ မျက်နှာကို စေ့စေ့ကြည့်ကာ လိုက်ပါလာလေ၏။

ခင်မောင်ညွန့်သည် မိမိအား မနှင်းမြိုင်က စိုက်ကြည့်နေသည့် အဖြစ်ကို ရိပ်မိသဖြင့် မျက်နှာကို ပို၍ တင်းတင်းထားပြီးလျှင် မြင်းကို အတင်းရိုက်၍ နှင်လေ၏။

ခရီးသုံးတိုင်ခန့်ပေါက်၍ မြို့တံခါးအနီးသို့ ရောက်လေလျှင် သစ်ခေါင်းကြီးတို့၏ လှည်းနှင့် မိမိလှည်းကို မီလာ၍ မနှင်းမြိုင်ကို လှည်းပေါ်သို့ တင်လိုက်ပြီးလျှင် လှည်းများလည်း မြို့ထဲသို့ အပြေးအလွှား ဝင်လာကြလေ၏။

ခင်မောင်ညွန့်သည် မနှင်းမြိုင်ကို ကယ်ဆယ်ရန် ရောက်လာရပုံမှာ မနှင်းမြိုင်တို့ ပွဲမှ ပြန်သွားကြသည့်နောက် ခင်မောင်ကွန့်သည် မနှင်းမြိုင် မရှိသောကြောင့် ပွဲမကြည့်လိုသည့်အတွက် ခင်မောင်ညွန့်ကို နှိုးပြီးလျှင် –

"ကိုကို နေမကောင်းရင် ပြန်ကြပါစို့၊ ကျွန်တော်လည်း ပွဲမကြည့်ချင်တော့ဘူး"

ဟု ပြောရာ ခင်မောင်ညွန့်သည် မနှင်းမြိုင်တို့ ပြန်ကြသည့်အသံကို ခေါင်းမြီးခြုံထဲမှာ ကြား၍ မနှင်းမြိုင်တို့ မရှိသည့်အတွက် ခင်မောင်ကွန့် ပြန်လိုကြောင်းကို ရိပ်မိသဖြင့် –

"ငါ့ညီလည်း မနှင်းမြိုင်ကို အတော်စွဲနေရှာသကိုး" ဟု အောက်မေ့ကာ

"ညီညီ ပြန်ချင် ပြန်ကြတာပေါ့"

ဟု ပြော၍ လှည်းများကို ပြင်ဆင်ကာ ပြန်လာကြလေ၏။

မိုးလင်းချိန်တွင် မန်ကျည်းပင်ကြီးနှစ်ပင်သို့ ရောက်ကြ၍ ရင်ဘတ်စည်တီးနှင့် ငိုယိုလျက်ရှိကြသော သစ်ခေါင်းကတော်ကြီးတို့ လူစုနှင့်တွေ့ရာ အကျိုးအကြောင်း မေးမြန်းသကာလ လူဆိုးများလက်သို့ မနှင်းမြိုင် ပါသွားကြောင်း သိရှိရလေ၏။

ထိုအခါ ညီအစ်ကိုနှစ်ယောက်တို့သည် အိမ်မြှောင် အမြီးပြတ်သကဲ့သို့ ဆွေ့ဆွေ့ခုန်အောင် ဖြစ်နေကြရာ သစ်ခေါင်းကြီးနှင့် ဧည်သည်လေးယောက်တို့လည်း တားဆီး၍ မရဘဲ လူဆိုးများနောက်သို့ လိုက်သွားကြကြောင်းကိုလည်း သိရှိရ၏။ ခင်မောင်ညွန့်သည် အကြံရ၍ ခင်မောင်ကွန့်အား လှည်း၌ အစောင့်ထားခဲ့ပြီးလျှင် ညို့ညို့မှိုင်းမှိုင်း မြင်ရသော ရွာကလေးတစ်ရွာသို့ နောက်ပါ သုံးယောက်တို့နှင့် ထွက်သွားလေ၏။

mgyoe.com

mgyoe.com


ရွာသို့ ရောက်လျှင် သူကြီးအိမ်သို့ သွား၍ ၎င်းရွာမှ အကောင်းဆုံး မြင်းလေးစီးကို ငွေပေးငှားပြီးနောက် လူဆိုးများ နောက်သို့ လိုက်ရမည့်လမ်း ဆုံးနေသဖြင့် လှည်းများဆီသို့ ပြန်လာကြ၏။ လှည်းသို့ ရောက်သောအခါ ခင်မောင်ကွန့်သည် အစ်ကိုနှင့်အတူ လိုက်လိုကြောင်း အတန်တန် ပြော၏။

သို့ရာတွင် ခင်မောင်ညွှန့်က မိမိတို့မှာ ညီအစ်ကိုနှစ်ယောက်တည်း ရှိကြ၍ နှစ်ယောက်စလုံး မတော်တဆ ဖြစ်ကြချေက မိဘများမှာ ဖြေဆည်၍ မရနိုင်အောင် ရင်ကွဲပက်လက် ဖြစ်ကြဖို့ ရှိကြောင်း၊ အစ်ကိုတစ်ယောက်တည်း ဆိုလျှင် ညီကျန်ရစ်သေး၍ မိဘများအား စိတ်ပြေအောင် ပြောနိုင်ဖို့ ရှိကြောင်း များနှင့် ချော့မော့ ပြောဆိုလေရာ ခင်မောင်ကွန့်သည် တစ်ယောက်တည်း သွားထိုက်သည်ဆိုလျှင် မိမိ သွားလိုကြောင်းနှင့် ခုခံပြောဆိုသေး၏။

သို့ရာတွင် ခင်မောင်ညွှန့်က –

"ကိုကို့စကားကို ဘယ်အခါမျှ မငြင်းခဲ့ဖူးတဲ့ ညီတစ်ယောက် မဟုတ်သည့်အတိုင်း ဒီတစ်ခါကျမှ မငြင်းပါနဲ့ ညီညီရယ်၊ ဆုံးချင်း ဆုံးရလျှင် မိဘများမှာ ညီညီအတွက် ပိုပြီး ဒုက္ခရောက်ရှာကြပါလိမ့်မယ်၊ မိဘများ မျက်နှာကို ထောက်ထားသဖြင့် ကိုကို့စကားကို ဒီတစ်ခါ နားထောင်ပါ ညီညီရယ်"

ဟု ဖျောင်းဖျ ပြောဆိုရာတွင် ခင်မောင်ကွန့်မှာ အစ်ကို့စကားကို အခါခပ်သိမ်း မြေဝယ်မကျ နာယူလာခဲ့သော မိကောင်း ဖခင် သားတစ်ဦး ဖြစ်သည့်အလျောက် စိတ်ထဲ၌ နင့်တင့်တင့်နှင့်ပင် အစ်ကို၏စကားကို မဖယ်ရှားဝံ့ဘဲ လိုက်နာရလေတော့၏။

၎င်းနောက် ခင်မောင်ညွှန့်က စေခိုင်းသည့်အတိုင်း ခင်မောင်ကွန့်တို့ လှည်းနှင့် သစ်ခေါင်းကတော်ကြီးတို့ လှည်းများသည် ရွှေဘိုမြို့သို့ မောင်းနှင်သွားကြလေ၏။

ခင်မောင်ညွှန့်သည် နောက်လိုက် (၃) ယောက်တို့နှင့် မြင်းများကို ကဆုန်စိုင်းလျက် လူဆိုးများ ထွက်သွားသည်ဆိုသောဘက်သို့ လိုက်ကြလေရာ ကံအားလျော်စွာ ချုံကြီးနားသို့ ရောက်သောအခါတွင် မနှင်းမြိုင်က "ကယ်တော်မူပါ" ဟု အော်သံကြားသဖြင့် မနှင်းမြိုင်၏အသံကို ချက်ချင်းသိသည်နှင့် ချုံဆီသို့ မြင်းစိုင်းသွားကြခြင်း ဖြစ်လေသည်။

သစ်ခေါင်းကြီးနှင့် ဧည့်သည် (၄) ဦးတို့မှာ ခြေကျင်လျှောက်ကာ

mgyoe.com

mgyoe.com


လှည့်လည်ရှာဖွေကြသော်လည်း လူစ, လူနကိုလည်း မမြင်၊ ဧည့်သည် (၄) ဦးတို့မှာ ဝတ်ကျေဝတ်ကုံ လိုက်လာကြရခြင်း ဖြစ်၍ ပြန်ရန် တိုက်တွန်းသောကြောင့် လှည်းသို့ ပြန်လာကြလေ၏။

လှည်းများထားခဲ့သော နေရာသို့ ရောက်ကြသောအခါ လှည်းများကို မတွေ့သည်နှင့် ပြန်လမ်းအတိုင်း ခြေကုန်သုတ်၍ လိုက်လာကြရာ မြို့တံခါးသို့ မရောက်မီပင် လှည်းများကို မီကြလေ၏။

❑

mgyoe.com

mgyoe.com

## အခန်း (၆)

မနှင်းမြိုင်မှာ အိမ်သို့ ရောက်သောအခါ တစ်ညဥ့်အတွင်းတွင် စိတ်မချမ်းမြေ့ဖွယ်ရာနှင့် ထိတ်လန့်တုန်လှုပ်ဖွယ် အခြင်းအရာများ ကြုံခဲ့ရသည် ဖြစ်သောကြောင့် အသည်းအသန် ဖျားနေလေ၏။

သစ်ခေါင်းကတော်ကြီးလည်း သမီးရင်းတမျှ ချစ်ခင်လှသော မနှင်းမြိုင်အတွက် ပူပန်သောကဖြစ်၍ ထင်ပေါ်ကျော်စောသော သမားကြီးများကို ပင့်ခေါ်ပြီးလျှင် ငွေကုန်ကြေးကျခံကာ ကုသပါသော်လည်း မနှင်းမြိုင်၏ရောဂါမှာ စိတ်ကြောင့် ဖြစ်ရသည့်ရောဂါ ဖြစ်သောကြောင့် ရုတ်တရက်မပျောက်နိုင်ဘဲ ရှိလေ၏။

တစ်နေ့သ၌ မနှင်းမြိုင်သည် အဖျားကြီးလှသဖြင့် သတိလစ်၍ အိမ်မက်မက်ရာ အိပ်မက်ထဲ၌ မနှင်းမြိုင်နှင့် ခင်မောင်ညွန့်တို့သည် လောင်းလှေကလေးတစ်စီးဖြင့် အလွန်ကြည်လင်သော ရေအိုင်ကြီးပေါ်တွင် ဦးပဲ့လှော်ကာ ခရီးသွားကြစဉ် သူငယ်မတစ်ယောက်သည် ကမ်းပေါ်မှ လက်ယပ်ခေါ်ငင်သဖြင့် ခင်မောင်ညွန့်က လှေကိုဆိုက်၍ မိန်းကလေးနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွား၏။

ဤတွင် မနှင်းမြိုင်က ဒေါသအမျက် ပြင်းစွာထွက်လျက် –

"မောင်မောင်ရေ ကျွန်မတစ်ယောက်တည်း ပစ်ထားခဲ့တော့မှာလား"

ဟု ဟစ်အော်လိုက်ရာ တကယ်ပင် အသံထွက်သွားလေတော့၏။

ထိုအခါ အိပ်မက်တို့ ထုံးစံအတိုင်း မနှင်းမြိုင် လန့်နိုးလေရာ အနီး၌ထိုင်လျက်စောင့်နေသော သစ်ခေါင်းကတော်ကြီးက –

"တူမကြီး ဘာဖြစ်သလဲ၊ တောက်တီးတောက်တဲ့တွေ ပြောနေပါကလား၊ ဒီဟာ ဒေါ်ဒေါ်လေ"

mgyoe.com

mgyoe.com


ဟု ပြောသည်တွင် မနှင်းမြိုင်မှာ မိမိ အော်ဟစ်မိသည့်အဖြစ်ကို ရှက်သည်နှင့် မျက်စိမှိတ်ကာ အိပ်ပျော်ယောင်ဆောင်နေရလေ၏။

သစ်ခေါင်းကတော်ကြီးသည် အကယ်ပင် အိပ်ပျော်သည် ထင်မှတ်၍ မနှင်းမြိုင်သည် ခင်မောင်ညွှန့်အား "မောင်မောင်" ဟု ခေါ်လေ့ရှိသည်ကို သိရ၍ အနီးရှိ ဒေါ်မြကြီးအား ခင်မောင်ညွှန့်နှင့် ဘယ်ကဲ့သို့ ဖြစ်ဖူးသည့် အကြောင်းကို တီးတိုး မေးမြန်းလေ၏။

ဒေါ်မြကြီးကလည်း ပျော်ပွဲစားရာ ကြာပန်း၏ အတ္ထုပ္ပတ္တိကို မပြောဘဲ ရေနစ်ရာ၌ တစ်ကြိမ်, လူဆိုးတို့လက်မှ တစ်ကြိမ် ကယ်ဆယ်ဖူးသည့် အတွက်ကြောင့် ခင်မောင်ညွှန့်ကို ယောင်ယမ်း တမ်းတဟန် တူပါသည်ဟု ပြောလေ၏။

သို့ပါသော်လည်း သစ်ခေါင်းကတော်ကြီးမှာ များစွာ မကျေနပ်ဘဲ ဆေးဆရာကြီးများကလည်း စိတ္တဇရောဂါ ယှဉ်ကြောင်း ပြောသည်။ ယခုလည်း ခင်မောင်ညွှန့်ကို ယောင်ပြီး အော်သည်။ လူဆိုးများလက်မှ မနှင်းမြိုင်ကို ခင်မောင်ညွှန့်က အသက်စွန့်၍ ကယ်ဆယ်ခြင်းမှာလည်း လွန်လွန်းသည်။ သို့ဖြစ်၍ ၎င်းတို့အချင်းချင်း မျက်လုံးခြင်း ဖြစ်စေ ကြိုက်ကောင်း ကြိုက်ကြလိမ့်မည်၊ မည်သည့်ဆေးကိုမျှ မတိုက်ဘဲ ခင်မောင်ညွှန့် မျက်နှာကို မြင်စေရလျှင် တူမကြီး ရောဂါ ပျောက်လိမ့်မည် ထင်သည် စသည်ဖြင့် စဉ်းစားပြီးလျှင် ဒေါ်မြကြီးအား –

"ဒီလို ဒေါ်မြကြီးရယ် ရှင်တို့ ကျွန်မတို့က မသိကြပေမဲ့ မနှင်းမြိုင်နဲ့ ခင်မောင်ညွှန့်ဟာ မျက်စိချင်း ကြိုက်နေကြသလား မသိဘူး၊ စိတ်ကြောင့် ဖြစ်ရတဲ့ ရောဂါဆိုတာ စိတ်ကောင်းမှ ပျောက်တယ်လို့ ပြောကြတယ်၊ ဒီတော့ ကျွန်မဖြင့် အရှက်ကို ငဲ့မနေချင်ဘူး၊ တူမကြီး အသက်မသေရင် ပြီးရောလို့ အောက်မေ့တယ်၊ ဒါကြောင့် ဒေါ်မြကြီး ခင်မောင်ညွှန့်ကို 'မနှင်းမြိုင် ဖျားနေတာ လာမေးလှည့်ပါဦး' လို့ ပြောချေပါလားရှင်"

ဟု ပြောလေ၏။ ဒေါ်မြကြီးကလည်း –

"ကောင်းလှပါပြီ" ဆို၍ သစ်ခေါင်းကတော်ကြီးအိမ်မှ ဆင်းလာခဲ့လေ၏။

□

mgyoe.com

mgyoe.com

# အခန်း (၇)

မနှင်းမြိုင် အနီးတွင်ထိုင်၍ ဒေါ်မြကြီးနှင့် သစ်ခေါင်းကတော်ကြီးတို့ တိုင်ပင်ကြသည့် ညနေ၌ မြို့ဝန်ကြီးသည် မိမိ၏ စာဖတ်ခန်းအတွင်းသို့ ခင်မောင်ညွှန့်ကို ခေါ်၍ အနီး၌ ထိုင်စေပြီးလျှင် –

"ငါ့သားကြီး ခင်မောင်ညွှန့်၊ ငါတို့မိဘနှစ်ပါးဟာ ငါ့သားကြီးကို ငယ်ငယ်ကလေးကစပြီး ယနေ့တိုင် သားရင်း ခင်မောင်ကွန့်နှင့် မခြားနားဘဲ ချစ်ခင်တဲ့အလျောက် စောင့်ရှောက်လာတဲ့အကြောင်းကို ငါ့သားသိတယ် မဟုတ်လား၊ သားကြီးလည်း အခုအရွယ်ရောက်ပြီး မိရင်း, ဖရင်း ဘယ်သူ ဘယ်ဝါ ဖြစ်တယ်ဆိုတာ သိချင်ပေလိမ့်မယ်၊ ဒီအကြောင်းကို ငါ ပြောမယ် ကြံခဲ့တာ အတန်ကြာခဲ့ပြီ၊ သို့သော် ငယ်ငယ်ကတည်းက သားအရင်းလို့ အောက်မေ့လာခဲ့တော့ အကြောင်းစုံ ဖွင့်ပြောရမှာတောင် အသည်းနာပါရဲ့ သားကြီးရယ် –

"ဟိုလွန်ခဲ့တဲ့ အနှစ် (၂၀) လောက်က မင့်ဖေဖေနဲ့ မေမေတို့ ထိမ်းမြားတဲ့ညမှာ ထမင်းဟင်း ချက်ပြုတ်ကြတဲ့ လူတွေက ဝင်းထရံနားမှာ ကလေးငိုသံကြားလို့ သွားကြည့်ကြတော့ မီးရောင်နားမှာ အဝတ်ကလေးနဲ့ ပတ်ပြီး ချထားတဲ့ ကလေးကို တွေ့ကြတယ်၊ ဒီတော့ ကလေးကို ဖေဖေ့ဆီ ယူလာကြတယ်၊ ဖေဖေတို့က မီးရောင်မှာ သေသေချာချာကြည့်တော့ ဆယ်ရက်သားလောက်ရှိတဲ့ ယောကျ်ားကလေးဖြစ်မှန်း သိကြတယ်။ မင်္ဂလာဆောင်တဲ့ညလည်း ဖြစ်ပြန်၊ ကလေးကိုလည်း အိမ်ဥပစာအတွင်းမှာ တွေ့ထားတာ ဖြစ်လေတော့ လာဘ်ကောင်းတယ်ဆိုပြီး သားအမှတ်နဲ့ မွေးစားထားကြတယ်၊ ဒီပတ်ထားတဲ့ အဝတ်ကလေးကို ဖြည်ပြီး သေသေချာချာ ကြည့်ကြတော့ မိန်းမလက်ရေးနဲ့ စာတစ်စောင်ကို တွေ့ရတယ်"

mgyoe.com

mgyoe.com


ဟု ပြောပြီးလျှင် အနီးရှိ ဗီရိုမှ ပုရပိုက်စုတ်ကလေးတစ်ခုကို ယူ၍ ခင်မောင်ညွှန့်အား ပြရာ ခင်မောင်ညွှန့်သည် အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

**"မည်သူမဆို ဤကလေးကို ကောင်းမွန်စွာ ကျွေးမွေး သုတ်သင်ပါက ဆယ့်ရှစ်နှစ်သား ရောက် သည့်နေ့တွင် ထိုက်တန်သော အသပြာငွေ ပေး၍ ရွေးယူပါမည်"**

ခင်မောင်ညွှန့်သည် ဟောင်းနွမ်းသော ပုရပိုက်စုတ်ပေါ်တွင် ရေးထားသည့် လက်ရေးကို မြင်ရသောအခါ ၎င်းလက်ရေးသည် မိခင်၏ လက်ရေးပင် ဖြစ်မည်၊ မိခင်သည် ဘယ်ကဲ့သို့သော အကျပ်အတည်းနှင့်တွေ့၍ မိမိအား ပစ်ထားရှာသည် မသိဟု အောက်မေ့ကာ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော မိခင်အား အတွေးနှင့် လွမ်းဆွတ်သဖြင့် မျက်ရည်ဝိုင်းလျက် ရှိလေ၏။

၎င်းနောက် မြို့ဝန်ကြီးက –

"ဖေဖေတို့က သူပေးတဲ့ ငွေကို လိုချင်လို့ မဟုတ်ပါဘူး၊ မင့်မျက်နှာကလေးကို မြင်လျှင်မြင်ချင်း ဖေဖေရော မေမေရောက အင်မတန် ချစ်တာနဲ့ သားအမှတ်နဲ့ မွေးကျွေးထားပါတယ်။ ဒီလိုနဲ့နေပြီး နောက်တစ်လလောက် ကြာတော့ ဖေဖေတို့ ဝင်းတံခါးမှာ ဟောဒီစာကို ညှပ်ထားတာ တွေ့ပြန်တယ်"

ဟု ပြောပြီးလျှင် ဒုတိယ ပုရပိုက်စုတ်တစ်ခုကို ပြပြန်လေ၏။ ၎င်းတွင် ပါရှိသည်ကား –

**"ကလေးကို ကောင်းမွန်စွာ ကျွေးမွေးထားကြောင်း သိရ၍ ကျေးဇူးတင်ပါသည်။ (၁၈) နှစ်သား အထိ ဤကဲ့သို့ ကျွေးမွေးစောင့်ရှောက်ပါလျှင် အသပြာ တစ်သောင်းနှင့် ရွေးယူပါမည်"**

ဒုတိယစာကို ဖတ်ရသောအခါတွင်ကား ခင်မောင်ညွှန့်၏ မျက်လုံးများ၌ ပြည့်လျက်ရှိသော မျက်ရည်တို့သည် ပါးပြင်သို့ စီးဆင်းလာလေ၏။ ၎င်းနောက် မြို့ဝန်ကြီးက

"နောက်ကိုလည်းပဲ တစ်ခါတလေ (၁) လ၊ တစ်ခါတလေ (၂) လ လောက် ကြာတဲ့အခါအတိုင်း ဝင်းတံခါးလာပြီး စာညှပ်ထားတာ တွေ့ရတယ်၊ နောက် စာတွေကတော့ ဒုတိယစာ အတိုင်းပါပဲ၊ (၁၈) နှစ် အရွယ်မှာ ငွေနဲ့ ရွေးလာမယ် ဆိုတဲ့ အကြောင်းပါပဲ"

mgyoe.com

ဟု ပြော၍ အထုပ်ငယ်ဖြင့် ထုတ်ထားသော ပုရပိုက်စုတ်ကလေးများကို ဗီရိုမှယူ၍ ခင်မောင်ညွန့်အား ပြလေ၏။

ထို့နောက် တစ်ဖန် ဗီရိုအံဆွဲထဲမှ ရွှေဘယက်ခွက်ငယ်တစ်ခုကို ယူပြီးလျှင် မြို့ဝန်ကြီးက –

"ဟောဒီ ဘယက်ခွက်ကလေးကတော့ ငါ့သားကြီး တစ်နှစ်သားတုန်းက စာနှင့်အတူ ညှပ်ထားတာကို တွေ့ရတယ်၊ ဒီပစ္စည်းဟာ သားကြီးအတွက်ပဲလို့ ရိပ်မိလေတော့ သားလည်ပင်းမှာ ဆွဲပေးထားပါတယ်"

ဟု ပြောလေ၏။

ခင်မောင်ညွန့်သည် ဘယက်ခွက်ကို သေချာစွာ ကြည့်ရှုသောအခါ သေးမှုန်လှစွာသော စာလုံးကလေးများကို အပ်ဖျားဖြင့် ခြစ်ထားသကဲ့သို့ မြင်ရသဖြင့် သေချာကြည့်မည် ပြုသော်လည်း ခင်မောင်ညွန့်၏ မျက်လုံးများမှာ မျက်ရည်များ ပြည့်ဖုံးလျက် ရှိသောကြောင့် ကောင်းစွာ မကြည့်နိုင်သဖြင့် ဘယက်ခွက်ကို အိတ်ထဲသို့ ထည့်ပြီးလျှင် ဖခင်၏ မျက်နှာကို ကြည့်နေလေ၏။

မြို့ဝန်ကြီး။ "ဖေဖေတို့လည်း မောင့်ကို သားအမှတ်နဲ့ မွေးစားပြီး (၂) နှစ်လောက်ကြာတော့ ခင်မောင်ကွန့်ကို မွေးခဲ့တယ်။ ခင်မောင်ကွန့်ဟာ သားအရင်း ဆိုပေမဲ့ ဘယ်နေရာမှ မောင်နဲ့ မခြားနားဘဲ စားအတူ၊ ဝတ်အတူ အထိန်း တစ်ယောက်စီနဲ့ သားနှစ်ယောက်ကို မွေးကျွေးစောင့်ရှောက်လာခဲ့တဲ့ အကြောင်းကို အများအသိ ဖြစ်ပါတယ်။ အဲဒါနဲ့ ဒီလို တစ်လတစ်ခါ နှစ်လ တစ်ခါ စာလာ, လာပြီး ညှပ်တာ (၁၅) နှစ်သား အရွယ်ထိရော၊ (၁၅) နှစ်သား ရောက်တော့ စာမတွေ့ရလို့ ဖေဖေတို့က မောင့်အမိ ရှိမှ ရှိရဲ့လား၊ အရပ်တစ်ပါး ပြောင်းရွှေ့သွားရော့လား တွေးမိကြတယ်၊ သားကြီးကလည်း အရွယ်မရောက် တတ်သေးလေတော့ ပြောမပြခဲ့ဘူး။

"သို့သော် ငါ့သား အထင်လွဲမှာစိုးလို့ တစ်ခု ပြောရဦးမယ်၊ ဖေဖေတို့က သားကြီးကို ကျွေးမွေး စောင့်ရှောက်လာခဲ့ခြင်းဟာ သူ ရွေးလာမယ့် ငွေကို လိုချင်လို့ မဟုတ်ဘူး၊ ပြောတဲ့အတိုင်း လာရွေးရင် ဖေဖေတို့ ငွေ မယူပါဘူး၊ မောင့်မိခင်ဟာ ဘယ်သူဘယ်ဝါ ဆိုတာ သိရှိချင်တာလောက်ပါပဲ၊ (၁၈) နှစ်သား အရွယ်ရောက်လို့ ပြောပြမယ်ကြံတော့လည်း မောင့်မေမေက သားကြီး စိတ် မကောင်းဘဲ နေတော့မယ် မပြောပါနဲ့ဦးဆိုလို့ ဖေဖေ မပြောဘဲ နေခဲ့တယ်"

ဟု ပြောလေ၏။

mgyoe.com

mgyoe.com


ထိုအခါ ခင်မောင်ညွှန့်သည် မွေးသမိခင်အကြောင်းကို စဉ်းစားဆင်ခြင်မိရာ၌ –

"မိခင်သည် တစ်စုံတစ်ခုသော အခက်အခဲကြောင့် မိမိအား စွန့်ပစ်ထားရသော်လည်း လျစ်လျူ ဥပေက္ခာပြုထားသည် မဟုတ်ဘဲ မိမိ ကြီးပြင်းသောအခါ၌ ရွေးနုတ်ယူရန် အကြံအစည် ရှိဟန်တူကြောင်း၊ (၁၈) နှစ်သားအရွယ်တွင် ရွေးနုတ်မည် ဆိုသည့်အတိုင်း ရွေးနုတ်ရန် မလာရောက်ခြင်းမှာ ဧကန်မုချ အကြောင်းတစ်စုံတစ်ခု ရှိရမည်၊ အကြောင်းဆိုသည်မှာလည်း ကောင်းစားနေသောကြောင့် မဟုတ်တန်ရာ၊ ဆင်းရဲပင်ပန်းနေသည့်အတွက် ထားခဲ့သည့်အတိုင်း ကတိမတည်နိုင်ဘဲ ရှောင်လွှဲနေရခြင်း ဖြစ်တန်ရာချေသည်။

"အကယ်၍ မိခင်ဖြစ်သူ ဆင်းရဲဒုက္ခ ရောက်နေခဲ့လျှင်လည်း လုပ်ကျွေးသမှုပြုရသော် တော်လေစွတကား၊ ရွှေဘိုမြို့၌ မိမိ နေထိုင်ရခြင်းသည် ချစ်သောသူအနီး နေ၍ ချစ်စိတ်ကို ချုပ်တည်းရခြင်း ဖြစ်သောကြောင့် မိမိအဖို့ သာ၍စိတ်ဒုက္ခရောက်ဖွယ် ရှိသည်။ သို့ဖြစ်၍ မိခင်ကိုလည်း ရှာရင်း မနှင်းမြိုင်နှင့်လည်း ဝေးစေ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသလို ဖခင်ကြီးထံ အခွင့်တောင်းပြီး မိခင်ကို လိုက်လံရှာဖွေရလျှင် ကောင်းလိမ့်မည် ထင်သည်"

စသည်ဖြင့် စဉ်းစားမိ၍ ဖခင်အား –

မိမိ အပေါ်၌ သားရင်း ခင်မောင်ကွန့်နှင့်မခြား ပြုစု စောင့်ရှောက်ခဲ့သည်များကို များစွာ ကျေးဇူးတင်ပါကြောင်း၊ ၎င်းကျေးဇူးကို မိမိ တစ်သက်တွင် ဘယ်အခါမျှ မေ့မည် မဟုတ်ဘဲ တစ်နည်းနည်းဖြင့် ကျေးဇူးဆပ်ရန် ကြိုးစားမည်ဖြစ်ပါကြောင်း၊ မိမိ၏ မွေးသမိခင် ပေါ်မလာသည်ကို ထောက်သော် ဆင်းရဲဒုက္ခ ရောက်နေရှာသည့် လက္ခဏာ ရှိ၍ မိမိ၏ ကူညီထောက်ပံ့ခြင်း လိုလိမ့်မည်ထင်ပါကြောင်း၊ အကယ်၍ ယခုအချိန်တွင် မွေးသမိခင် သေဆုံးပြီးဖြစ်သဖြင့် ကတိအတိုင်း မလာရောက်နိုင်ခြင်း ဖြစ်ခဲ့ပါမူလည်း မွေးသမိခင်သည် မည်သည့် အမျိုးအနွယ်ထဲမှ မည်သူမည်ဝါ ဖြစ်သည်ကို သိလိုပါသောကြောင့် ၎င်းအား လိုက်လံ ရှာဖေါ်ရန် ခွင့်ပြုပါမည့် အကြောင်းနှင့် ရိုသေစွာ တောင်းပန်ပြောဆိုလေ၏။

ထိုအခါ မြို့ဝန်ကြီးသည် ခင်မောင်ညွှန့်အား

(၁၀) ရက်သား အရွယ်တွင် စွန့်ပစ်ထားခဲ့သော မိခင် အပေါ်တွင်

mgyoe.com

mgyoe.com


ရက်စက်သည်ဟု ခင်မောင်ညွှန့်က အပြစ်မတင်ဘဲ မိမိအား ချစ်ခင်ပါလျက် မလွှဲမကင်းသာတဲ့ အကြောင်း တစ်စုံတစ်ခုကြောင့် စွန့်ပစ်ထားရှာသည်ဟု တွေးဆ စဉ်းစားတတ်သော ခင်မောင်ညွှန့်၏ စိတ်နေသဘောထားကို များစွာ သဘောကျ၍ ၎င်းတောင်းဆိုသည့်အတိုင်း အခွင့်ပေးမည်ဟု အောက်မေ့ပြီးလျှင် ခင်မောင်ညွှန့်အား ကောင်းသော အကြံအစည်တစ်ခုကို တားဆီးရန် အလို မရှိကြောင်း ပြော၍ မိခင် ဝန်ကတော်ကြီး အလွမ်းပြေရလေအောင် ရုတ်တရက် မခွဲခွာသေးဘဲ လေး, ငါးရက်ခန့်မျှ ဆိုင်းငံ့ရန်ကိုသာ ချော့မော့ ပြောဆိုလေ၏။

ထိုအခါ ခင်မောင်ညွှန့်လည်း ဖခင် ပြောသည့်အတိုင်း နားထောင်ပါ မည်ဟု ဝန်ခံ၍ ပုရပိုက်စုတ်ကလေးနှင့် ဘယက်တို့ကို ယူပြီးလျှင် မြို့ဝန်ကြီး အခန်းမှ ထွက်လာခဲ့လေ၏။

၎င်းနောက် ခင်မောင်ညွှန့်သည် အခါတိုင်းကဲ့သို့ ညီ ခင်မောင်ကွန့်နှင့် ကာလသားဘာဝ ရယ်မောဖွယ် စကားများကို မပြောဘဲ၊ မိမိ အခန်းသို့ ဝင်ပြီးလျှင် အထုပ်ကလေးကို အိပ်ရာနား၌ ချထား၍ ဘယက်ခွက်ကလေးကို ကိုင်ကာ အိပ်ရာပေါ်၌ လှဲရင်း စဉ်းစား စိတ်ကူးနေလေ၏။ မွေးသမိခင်သည် မိမိအား အလွန်တရာ ချစ်ရှာလှ၍ ဤဘယက်ခွက်ကလေးကို မရှိမဲ့, ရှိမဲ့နှင့် လာ၍ ပို့ဟန်တူသည်။

ခုအချိန်၌ မွေးသမိခင် ဆင်းရဲနေခဲ့လျှင် မိမိ တစ်ယောက်တည်း ချမ်းချမ်းသာသာ နေထိုင်၍ မဖြစ်နိုင်၊ မိခင် ထံသို့ သွား၍ လုပ်ကျွေးသမှု ပြုရင်း ဆင်းရဲနေရလျှင် သာ၍ ကောင်းလိမ့်မည်။

စသဖြင့် စိတ်ကူးမိလိုက်သည်နှင့် တစ်ပြိုင်နက် မနှင်းမြိုင်၏ မျက်နှာ ကလေးသည် မျက်စိထဲ၌ ကွက်ခနဲ ပေါ်ထွက်လာလေ၏။

ထိုအခါ ခင်မောင်ညွှန့်သည် မနှင်းမြိုင်ကို သတိရပြန်၍ "မိမိတို့မှာ တစ်ယောက်နှင့် တစ်ယောက် ချစ်ခင်စုံမက်ကြသည် မှန်သော်လည်း ဘဝ၊ ဘဝက ရေစက်ပါကြဟန် မတူသဖြင့် ပေါင်းဖက်ရန် အခွင့်မသာဘဲ ဤမျှနှင့်ပင် ကွဲကြရချေတော့မည်၊ သို့သော် မိမိ မသွားမီ မနှင်းမြိုင်၏ မျက်နှာကလေးကို တစ်ကြိမ်တည်း ဖြစ်စေ မြင်ရလျှင် တော်လေစွ"

ဟု အောက်မေ့လိုက်သည်နှင့် တစ်ပြိုင်နက် အခန်းပြင်မှ ဒေါ်မြကြီး ၏အသံဖြင့် "မောင်မောင် မရှိဘူးလား" ဟု မေးလိုက်သည်ကို ကြားသဖြင့် ဘယက်ခွက်ကို ရင်ဘတ်ထဲ၌ ထည့်ပြီးလျှင် အခန်းအပြင်သို့ ထွက်လာလေ၏။

mgyoe.com

mgyoe.com


ဒေါ်မြကြီးသည် ခင်မောင်ညွန့်ကို မြင်သောအခါ အားရရွှင်လန်းသော မျက်နှာနှင့် –

"နေရာကျလိုက်တာ မောင်မောင်ရယ်"

ဟု ဆိုကာ လူရိပ်လူခြေကို ကြည့်ပြီးမှ အနီးသို့ ကပ်၍

"မနှင်းမြိုင် တစ်ယောက် နေမကောင်းလို့ မောင်မောင့်ကို လာပြောတာပဲ၊ လူမမာ သွားမေးဦးမှ တော်မယ်ထင်တယ် မောင်မောင်" ဟု ပြော၏။

ခင်မောင်ညွန့်က –

"တော်ပါ့မလား ဒေါ်ကြီးရယ်၊ ဝင်စ, ထွက်စ မရှိဘဲနဲ့ ကျွန်တော် သွားမေးရင် ဟန်ရပါ့မလားဗျာ"

ဟု ပြောရာ ဒေါ်မြကြီးက –

"လာသာ လာပါ မောင်မောင် သစ်ခေါင်းကတော်ကြီးက မနှင်းမြိုင် နေမကောင်းဘူးလို့ မောင်မောင့်ကို သွားပြောပါဆိုလို့ အဒေါ် လာခဲ့ရတာပါ"

ဟု ပြန်ပြောလေ၏။

ထိုအခါမှ ခင်မောင်ညွန့်သည် မိမိ မသွားမီ မနှင်းမြိုင်၏ မျက်နှာကို တစ်ကြိမ်တစ်ခါ မြင်လိုသည်ဟု အောက်မေ့နေစဉ် ဆုတောင်းပြည့်ပြန်ပေပြီဟု ယူဆကာ ဒေါ်မြကြီးနှင့်အတူ လိုက်သွားလေ၏။

ထိုအခိုက်တွင် ခင်မောင်ကွန့်မှာ လမ်းလျှောက်ထွက်သွားခိုက် ဖြစ်သောကြောင့် နေအိမ်၌ မရှိချေ။

သစ်ခေါင်းကတော်ကြီး၏ အိမ်သို့ ရောက်ကြသောအခါ သစ်ခေါင်းကတော်ကြီးသည် တူမ၏အသက်ကို နှစ်ကြိမ်တိုင် ကယ်ဆယ်ဖူးသူ ဖြစ်သည့်အလျောက် ကြည်ဖြူစွာ ဧည့်ခံ စကားပြော၍ ခင်မောင်ညွန့်၌ မည်သည့်ကိစ္စမျိုး ရှိစေကာမူ မိမိက ကူညီ ဆောင်ရွက်ပေးရန် အသင့်ရှိကြောင်းဖြင့် မျက်နှာချိုသာစွာနှင့် ပြောလေ၏။

ခင်မောင်ညွန့်သည် သစ်ခေါင်းကတော်ကြီး၏ မျက်နှာထားနှင့် စကားအသွားအလာကို ရိပ်မိသော်လည်း မိမိ၏ စိတ်ထဲ၌ ပိုင်းဖြတ်ထားပြီး ဖြစ်သောကြောင့် –

"အကြောင်းရှိက ကျွန်တော် ပြောပါမည်၊ ကျွန်တော့်ကိုလည်း တူရင်းသားရင်းလို အောက်မေ့ပြီး ခိုင်းစရာရှိလျှင် ခေါ်၍သာ ခိုင်းပါ" ဟု ပြောလေ၏။

၎င်းနောက် သစ်ခေါင်းကတော်ကြီးက မနှင်းမြိုင်မှာ လူဆိုးများ၏

mgyoe.com

mgyoe.com


လက်တွင်းမှ ခင်မောင်ညွန့်၏ ကျေးဇူးကြောင့် လွတ်မြောက်လာသည့်နေ့မှ စ၍ အသည်းအသန် ဖျားနေကြောင်း၊ ရံဖန်ရံခါ သတိလစ်၍ ကယောင်ကတမ်း ပြောနေကြောင်းများကို ပြောပြပြီးလျှင် –

"လူနာကို ခင်မောင်ညွန့်ကိုယ်တိုင် ဝင်၍ ကြည့်ပါဦး" ဟု တိုက်တွန်း၍ မနှင်းမြိုင် ဖျားနေသော အခန်းသို့ ခေါ်သွားလေ၏။

ခင်မောင်ညွန့်သည် ရက်အတန်ကြာ မတွေ့ခဲ့ရသည့် မနှင်းမြိုင်၏ မျက်နှာကို မြင်ရပေတော့မည်ဟု ချစ်ကြိုက်သော ယောကျ်ားတို့၏ ထုံးစံအတိုင်း ရင်တဖိုဖိုနှင့် လိုက်သွားလေရာ အခန်းဝသို့ ရောက်သောအခါ မနှင်းမြိုင် ညည်းသံကို ကြားရသဖြင့် နှလုံးမသက်သာဘဲ သစ်ခေါင်းကတော်ကြီးနှင့် အတူ အခန်းတွင်းသို့ ဝင်သွားလေ၏။

သစ်ခေါင်းကတော်ကြီးသည် မနှင်းမြိုင်၏ ခြင်ထောင်ကို လှပ်၍ –

"တူမကြီး ဘယ့်နှယ်နေသလဲ"

ဟု မေးလိုက်ရာ အဖျားတက်သဖြင့် မှိတ်ထားသော မျက်စိကို ဖွင့်ကြည့်လိုက်သည်တွင် ခင်မောင်ညွန့်ကို မြင်သဖြင့် အိပ်မက်, မက်ပြန်သည် ထင်မှတ်သောကြောင့် မျက်စိကို ပွတ်၍ တစ်ဖန် ကြည့်ပြန်၏။

နောက်ဆုံး၌ အိမ်မက်မဟုတ် ခင်မောင်ညွန့် အစစ်ဖြစ်ကြောင်း သိရာတွင် အဖျားရှိန်ကြောင့် နွမ်းလျက်ရှိသော မနှင်းမြိုင်၏ မျက်နှာကလေးသည် "ရေဖျန်းသော ပန်းကဲ့သို့" ရုတ်တရက် လန်းလာ၍ သစ်ခေါင်းကတော်ကြီးနှင့် ခင်မောင်ညွန့်တို့ကို တစ်ယောက် တစ်လှည့်စီ ကြည့်နေလေ၏။

ထိုအခါ သစ်ခေါင်းကတော်ကြီးက –

"တူမကြီး နေမကောင်းဘူး ကြားလို့ မောင်မောင်က လာမေးတယ်"

ဟု ပြောလိုက်သောအခါတွင် မနှင်းမြိုင်သည် မိမိ မကျန်းမာသည်ကို လာရောက် မေးမြန်းဖော်ရသော ခင်မောင်ညွန့်သည်ကား မိမိအပေါ်၌ စိမ်းကားသည် မဟုတ်တန်ရာ၊ ဟိုနေ့က စိမ်းကားသည်ဟု မိမိ ထင်မှတ်ခြင်းမှာ အထင်မှားခြင်းသာ ဖြစ်တန်ရာသည်ဟု စဉ်းစားမိသည်နှင့် လန်းဆန်းသော မျက်နှာကလေးသည် တစ်ထစ်တိုး၍ ရွှင်ပျလာလေတော့၏။

ထိုသူနှစ်ယောက်တို့၏ မျက်နှာကို အကဲခတ်လျက်ရှိသော သစ်ခေါင်းကတော်ကြီးသည် "ဟုတ်ပါပြီ၊ ငါထင်တဲ့ အတိုင်းပါပဲ" ဟု အောက်မေ့၍ မသင်းကြိုင်အား ခင်မောင်ညွန့် အဖို့ ကွမ်းဆေး လက်ဖက်များ ယူခဲ့စေလျက် –

mgyoe.com

mgyoe.com


"ဒေါ်မြကြီး ဘယ်ထွက်သွားပါလိမ့်မလဲ"

ဟု ဆိုကာ အခန်းပြင်ဘက်သို့ ထွက်လာခဲ့လေ၏။

ဤနေရာ၌ သစ်ခေါင်းကတော်ကြီးသည် မိမိ တူမနှင့် ခင်မောင်ညွှန့် တို့ကို အခန်းထဲ၌ နှစ်ယောက်တည်း မျက်နှာလွှဲထားခဲ့ခြင်းအားဖြင့် လော် လည်သော အကြံရှိသည်ဟု မယူဆသင့်ပေ။

မနှင်းမြိုင်မှာ အသည်းအသန် ဖျားနေသည် တစ်ကြောင်း၊ ခင်မောင် ညွှန့်သည်လည်း အသက်သခင် ဖြစ်နေသည်လည်း တစ်ကြောင်း၊ မိကောင်း ဖခင်သားပီပီ လော်လည်ခြင်း ကင်း၍ ရိုးရိုးသားသား နေထိုင်လာခဲ့သော လူတစ်ယောက် ဖြစ်သည်ဟု ပြောသံကြားဖူး၍ ယုံကြည် စိတ်ချသည် တစ်ကြောင်း၊ မနှင်းမြိုင်နှင့် ခင်မောင်ညွှန့် သမီးရည်းစား ဖြစ်ကြရိုးမှန်လျှင် နှစ်ယောက်ချင်း စကားပြောခွင့် ရခြင်းအားဖြင့် စိတ်ကြည်ရွှင်၍ ရောဂါသက်သာ လိမ့်မည်ဟု ယူဆသည် တစ်ကြောင်း၊ ထိုသို့သော အကြောင်းများကြောင့် အဒေါ် ဖြစ်သူသည် တူမ၏အခန်းတွင် ခင်မောင်ညွှန့် တစ်ယောက်တည်း ထားခဲ့ခြင်း ဖြစ်လေသည်။

သစ်ခေါင်းကတော်ကြီး ထွက်သွား၍ ခင်မောင်ညွှန့်နှင့် မနှင်းမြိုင်တို့ နှစ်ယောက်တည်း ရှိနေကြလျှင် မနှင်းမြိုင်သည် ခင်မောင်ညွှန့်၏ မျက်နှာကို စေ့စေ့ကြည့်လျက် အပြစ်မတင် ချစ်ခင်အားထား များစွာ ကျေးဇူးတင်သော မျက်နှာထား ရှိနေလေ၏။

ခင်မောင်ညွှန့်မှာလည်း ခင်မောင်ကွန့်နှင့် မြို့ဝန်ကြီးတို့ကို အလျှင်း သတိမရ၊ မိမိ သွားရမည့် ကိစ္စကိုလည်း မစဉ်းစားမိဘဲ မနှင်းမြိုင်အား များစွာ ချစ်ခင်ကြင်နာ သနားလှသော မျက်နှာဖြင့် တုံ့ပြန်၍ ကြည့်ပြီးလျှင် စောင်ခြုံ အပြင်၌ ရှိသော လက်ကလေးကို ဖြည်းညင်းစွာကိုင်လျက် –

"နှမ ဒီလောက် နေမကောင်းမှန်း မသိရပါဘူးဗျာ – သိလို့ရှိရင် စောစောကြီးက လာပါရဲ့"

ဟု ပြောကာ ယုယပိုက်ထွေး လက်ကလေးကို နံဘေးသို့ ချလျက် ကိုင်ဆုပ်၍ နေလေ၏။

မနှင်းမြိုင်မှာလည်း အဖျားရောဂါကိုလည်း သတိမရ ခံရသည့် ဝေဒနာကိုလည်း မေ့ပျောက်လျက် –

mgyoe.com

mgyoe.com


"ကျွန်မ ဒီလို ဖျားနေမှန်း သိလို့ရှိရင် မောင်မောင် ခဏခဏ လာမှာ ပဲလား"

ဟု အသံသဲ့သဲ့ဖြင့် မေးလေ၏။

ထိုအခါ ခင်မောင်ညွှန့်သည် မိမိ သွားရမည့်အရေးကို ရုတ်တရက် သတိရလာ၍ လည်ချောင်း၌ အလုံးဆို့သကဲ့သို့ နင့်တင့်တင့် ဖြစ်သွားသော်လည်း နှလုံးမသာဖွယ်သော သတင်းကို လူနာ မသိစေလိုသဖြင့် မျက်နှာထား မပျက်စေဘဲ –

"မလာဘဲနေပါ့မလား နှမရယ်၊ ခုတင်ခု လာမေးနေမှာပေါ့"

ဟု ပြန်ပြော၏။

ထိုအခါ မနှင်းမြိုင်၏စိတ်၌ "မိမိ ဖျားနေသည့်အတွင်း ခင်မောင်ညွှန့် ခဏခဏ လာမည်ဆိုလျှင် တစ်သက်လုံး အဖျား မပျောက်သော်လည်း ကိစ္စ မရှိ" ဟု အောက်မေ့၍ အဖျားရောဂါကိုပင် ကျေးဇူးတင်မိသကဲ့သို့ ရှိနေ လေ၏။

မြိုင်။ (ပွဲ၌ ခင်မောင်ညွှန့်က မိမိအား မကြည့်ဘဲနေသည်မှာ မိမိကို မမြင် ဖြစ်တန်သည်ဟု အောက်မေ့လျက်) "ရှားတောပွဲရုံမှာတုန်းကလေ – ကျွန်မတို့ လှည်းက မောင်မောင်တို့ လှည်းရှေ့ကပဲ မောင်မောင်ရဲ့၊ မောင်မောင်က စောင်ကြီး ခေါင်းမြီးခြုံနေတာ ဒနမကောင်းလို့လား"

ညွှန့်။ (အလုံးစုံ ဖွင့်ပြောလိုသော်လည်း မဖြစ်နိုင်သဖြင့် မျက်နှာကို အောက်ချလျက်) "ဟုတ်ပါတယ် မနှင်းမြိုင်၊ အအေးမိလို့ ခေါင်းကိုက်တာနဲ့ အိပ်နေပါတယ်"

မြိုင်။ "ပွဲတုန်းက မောင်မောင် ကျွန်မကို မမြင်ဘူးလား"

ခင်မောင်ညွှန့်မှာ အခက်ကြုံလျက် ရှိ၏။ မြင်ပါသည်ဟု ပြောလျှင် စိမ်းကားရာ ကျလိမ့်မည်၊ မမြင်ပါဟု ပြောလျှင်လည်း လိမ်ရာကျလိမ့်မည်၊ သို့ဖြစ်၍ မှန်မှန် ပြောရမည်လည်း အခက်၊ လိမ်ရမည်မှာလည်း တစ်သက် လုံး ဝါသနာမပါခဲ့သည် ဖြစ်သောကြောင့် ခင်မောင်ညွှန့်မှာ များစွာ အကြံရ ကျပ်သည်နှင့် နေရာတွင် တည်ငြိမ်စွာ မထိုင်နိုင်ဘဲ ထိုမှ ဤမှ ပြောင်းရွှေ့ ပြင်ဆင်ကာ ထိုင်နေရာတွင် –

မြိုင်။ "မောင်မောင်တို့များ ကျွန်မတို့ အိမ်လာလို့ နွေးအောင်မှ မထိုင်ရသေးဘဲ

mgyoe.com

mgyoe.com


နေရာတပြင်ပြင်နှင့် ပြန်ချင်လှပြီမှတ်တယ်၊ ဘယ်ဆီမှာ ဘယ်သူနဲ့ အချိန်းအချက် ရှိလို့တုန်း"

ဟု ခနဲ့၍ မေးလိုက်၏။

ခင်မောင်ညွန့်မှာ နှိမ်နင်းမျိုသိပ်၍ ထားရသော ချစ်စိတ်ကို မနှင်းမြိုင်က ဆွပေးဘိသကဲ့သို့ ရှိသောကြောင့် "မနှင်းမြိုင်နဲ့ ဒီလိုများ အတူထိုင်နေရရင် တစ်သက်လုံး ထိုင်ရပါစေ၊ မညောင်းနိုင်ပါဘူး" ဟု ပြောလိုက်မည် ကြံသော်လည်း စကားလွန်မည် စိုးသောကြောင့် ထွက်လာမည့် စကားကို ချုပ်တည်း၍ တစ်သက်လုံး မလိမ်ဖူးဘဲလျက် –

"ညောင်းလို့ မဟုတ်ပါဘူး မနှင်းမြိုင်၊ သင်ဖြူးက ကြမ်းပိုးကိုက်တယ် ထင်ပါရဲ့"

ဟု ကြံဖန်ကာ ပြန်ပြောလိုက်ရလေ၏။

ခင်မောင်ညွန့်သည် မနှင်းမြိုင်က ရေလာမြောင်းပေး ဟူဘိသကဲ့သို့ လမ်းခင်းပေးသော စကားများကို ရှောင်တိမ်းကာ လူပြိန်း၊ လူအ၊ လုပ်နေလေလျှင် မနှင်းမြိုင်မှာ မိမိအား ခင်မောင်ညွန့်က စုံမက်သည့် အကြောင်းကို ရိပ်မိသော်လည်း မိန်းမတို့၏ အရှက်ကို ငဲ့၍ ခင်မောင်ညွန့်၏ စကားအလာကို စောင့်လျက် ချစ်ကြိုက်သည့် အကြောင်းကို အမူအရာဖြင့်သာ ထင်ရှားစေ၏။

ဤနည်းအားဖြင့် ချစ်ကြိုက်စုံမက်သည့်အကြောင်းကို ဖွင့်ဟ၍ မပြောကြဘဲ မျက်စိချင်းသာလျှင် တစ်ယောက်ကို တစ်ယောက် ကြင်နာစွာ ကြည့်လျက် နာရီဝက်ခန့် စကားပြောနေကြလျှင် သစ်ခေါင်းကတော်ကြီး အခန်းအတွင်းသို့ ဝင်လာသော ခြေသံကို ကြားသဖြင့် ခင်မောင်ညွန့်သည် မနှင်းမြိုင်၏အနီးမှ နောက်သို့ တွန့်ဆုတ်ကာ အိပ်ရာနံဘေးတွင် ဣန္ဒြေရရ ထိုင်နေလေ၏။

ထိုအခါ သစ်ခေါင်းကတော်ကြီးက –

"မောင်မောင့်နှမ ဘယ့်နှယ်နေသလဲ၊ သူ့အဖျားက အင်မတန် ကြီးတယ်၊ ဒေါ်ဒေါ်ဖြင့် တစ်နေ့ကများ အပုံကြီး စိုးရိမ်မိတာပဲ၊ ဒီကနေ့တော့ မျက်နှာကလေးများ တော်တော်ကြည်ပြီး လန်းလာပြီ"

ဟု ပြော၍ ခင်မောင်ညွန့် အနီးတွင် ထိုင်ပြီးလျှင် လူဆိုးများ၏ လက်တွင်းမှ ကယ်ဆယ်ရသည့် အဖြစ်အပျက်ကို တစ်ဖန် ထပ်မံ ပြောပါရန် တောင်းပန်သဖြင့် ခင်မောင်ညွန့်သည် မိမိကိုယ်ကို လူစွမ်းကောင်း တစ်ယောက်

mgyoe.com

mgyoe.com


လို လုပ်၍ မပြောဘဲ ဖြစ်ပျက်သမျှ အခြင်းအရာများကို သာမညအားဖြင့် ပြောပြလေ၏။

သစ်ခေါင်းကတော်ကြီးသည် ခင်မောင်ညွန့်အား ထပ်လောင်း၍ ကျေးဇူးတင်စကား ပြောပြန်သဖြင့် ခင်မောင်ညွန့်မှာ မျက်နှာမထားတတ်အောင် ရှိ၍ –

"ဖေဖေတို့ကိုလည်း မပြောခဲ့ရလို့ ကျွန်တော် ပြန်ပါဦးမယ်"

ဆို၍ မနှင်းမြိုင် တစ်ချက်မျှ လှမ်းကြည့်လျက် –

"နောက်မှ တစ်ခေါက်လာပါဦးမယ်"

ဟု ပြောပြီးလျှင် ဆင်းလာခဲ့လေ၏။

အိမ်ပေါ်မှ အဆင်းတွင် သစ်လွင် ကောင်းမွန်သော အဝတ်အစားတို့ကို ဝတ်ဆင်လျက် မနှင်းမြိုင်တို့ အိမ်ရှေ့မှ ဖြတ်၍ မသင်းကြိုင်အား ပြုံးပြုံးကြီးကြည့်ကာ လျှောက်သွားသော မောင်တင်မောင်ကို မြင်လျှင် ပွဲ၌ မိမိတို့ လောင်းစားခဲ့သည့် အဖြစ်ကို သတိရ၍ ခင်မောင်ကွန့် အကြောင်းကိုလည်း စဉ်းစားမိရာတွင် နောက်လိုက် နှစ်ယောက်နှင့် တုတ်ကလေးကို ဟန်နှင့်ရမ်းကာ လျှောက်လာသော ညီ ခင်မောင်ကွန့်နှင့် တွေ့လေ၏။

ခင်မောင်ကွန့်သည် မနှင်းမြိုင်တို့အိမ်မှ ဆင်းလာသည့် အဖြစ်ကို မသိသဖြင့် –

"ဘယ်ကလာသလဲ ကိုကို"

ဟု မေးရာ ခင်မောင်ညွန့်က –

"ခြေညောင်းလက်ဆန့် လမ်းလျှောက်တာပေါ့ကွယ်"

ဟု ပြောပြီးလျှင် အိမ်သို့ ပြန်လာခဲ့လေ၏။

အိမ်သို့ ရောက်သောအခါ ခင်မောင်ညွန့်သည် မည်သူ့ကိုမျှ စကား မပြောဘဲ မိမိ အခန်းအတွင်းသို့ ဝင်သွား၍ အိပ်ရာပေါ်၌ ပစ်လှဲပြီးလျှင် မနှင်းမြိုင်နှင့် ခွဲရမည့်အကြောင်းနှင့် မွေးသမိခင်ကို ရှာရန် ထွက်ရမည့် ကိစ္စတို့ကို စဉ်းစားဆင်ခြင်မိသဖြင့် ရင်ထဲတွင် ပူလောင်သည့် လက္ခဏာနှင့် မကြာခဏ ရေသောက်ရ၏။

ထိုနောက်မှတစ်ဖန် မွေးသမိခင်ကို သတိရပြန်သောကြောင့် ရင်တွင် ထည့်ထားသည့် ဘယက်ခွက်ကို သေချာစွာ ကြည့်ရှုလေရာ ၎င်းဘယက်ခွက်တွင် ဥဒေါင်းရုပ်သည် သစ်ပင်ကြီး (၃) ပင် အောက်၌ နားနေသည့်သဏ္ဌာန်

mgyoe.com

mgyoe.com


ရှိ၍ ခြေရင်း၌ အပ်ငယ်ဖြင့် ခြစ်ထားသော အက္ခရာများကို တွေ့ရလေ၏။

သေချာစွာ ကြည့်သောအခါ "သ-ခ-တ" ဟူသော အက္ခရာ (၃) လုံးတို့ကို ရေးရေးမြင်ရလေရာ ၎င်းအက္ခရာများမှာ အကြောင်းမဲ့ ရေးထားမည် မဟုတ်၊ ကေန်မုချ အဓိပ္ပာယ် တစ်ခုခုကို ရည်ရွယ် ရေးသားထားခြင်း ဖြစ်ရမည်" ဟု စဉ်းစားပြီးလျှင် ဘယက်ခွက်ကို ရင်ထဲသို့ တစ်ဖန် ထည့်ထားလိုက်၍ "အက္ခရာတို့၏ အဓိပ္ပာယ်ကို နောက်မှတွေးတောဦးမည်" ဟု အောက်မေ့ပြီးလျှင် ထမင်းစားချိန် ရောက်သဖြင့် မိခင်, ဖခင်, ခင်မောင်ကွန့်တို့နှင့်အတူ ညစာ စားသောက်ကြလေ၏။

❑

mgyoe.com

mgyoe.com

## အခန်း (၈)

မနှင်းမြိုင်နှင့် ခင်မောင်ညွှန့်တို့သည် လူဆိုးများ၏ လက်မှ လွတ်မြောက်ပုံ အခြင်းအရာကို ပြောပြရာ၌ မောင်တိုင်းကျော် နာမည်ကို ထုတ်ဖော် မပြောရန် သဘောတူညီကြသည် ဖြစ်သောကြောင့် ထိုသူ့အကြောင်းကို ချန်လှပ်ထား၍ လူဆိုးများ ဟူ၍သာ ပြောပြကြ၏။

အဘယ်ကြောင့်ဆိုသော် မောင်တိုင်းကျော်၏ ဆိုးမိုက်ကြောင်းကို လူကြီးများသိရလျှင် အချည်းနှီး စိတ်မကောင်းဘဲ ဖြစ်ကြမည်ကို စိုးရိမ်မိကြပေသောကြောင့်တည်း။

အကယ်၍ မခံချင်သဖြင့် ရုံးပြင်ကနား ရောက်ချေကလည်း လူသိသည် ထက်သာသိ၍ အရှက်ကွဲဖို့သာ ရှိသည်။ မောင်တိုင်းကျော် ထောင်ကျလျှင်လည်း မိမိတို့၌ အကြောင်းမထူး၊ သူ၏လက်တွင်းမှ လွတ်လျှင် ပြီးစေတော့ ဟူ၍ နှစ်ဦးလုံးကပင် သဘောတူ အောက်မေ့ကြလေ၏။

မောင်တိုင်းကျော်သည် ခင်မောင်ညွှန့်က "နောက်ကောက်" ချလိုက်သဖြင့် လဲသွားရာမှ အမူးပြေသဖြင့် ထ,လာသောအခါ မိမိ၏ လူနှစ်ယောက်ကို အနှောင်အဖွဲ့မှ ဖြည်ပေး၍ မောင်မိုးလုံးထံ စေလွှတ်လိုက်လေ၏။

မောင်မိုးလုံးသည် မနှင်းမြိုင်ကို ချုံတွင်းသို့ ပွေ့ချီ ခေါ်ငင်သွားစဉ်က ချော,လှကြောင်းကို မြင်လိုက်ရသဖြင့် စိတ်ထဲ၌ သဘောကျ၍ မောင်တိုင်းကျော် ပေးသော ငွေကို မလိုချင်တော့ဘဲ မနှင်းမြိုင်ကို လိုချင်မိရာ သစ္စာဖောက်ရန် ဝါသနာ မရှိသောကြောင့်သာလျှင် မိမိ၏စိတ်ကို ချုပ်တည်းခဲ့ရလေ၏။

သို့ဖြစ်၍ မောင်တိုင်းကျော်၏ လူနှစ်ယောက်က မနှင်းမြိုင် လွတ်ထွက်သွားကြောင်း လာရောက် ပြောပြသောအခါ မောင်မိုးလုံးမှာ စိတ်မဆိုးသည့်အပြင် ဝမ်းမြောက်ဝမ်းသာ ရှိသေး၏။

mgyoe.com

mgyoe.com


သို့ရာတွင် မောင်မိုးလုံးသည် ပရိယာယ်လုပ်ကာ ပျာယီးပျာယာ လိုက်လာခဲ့၍ မောင်တိုင်းကျော်အား ဖြစ်ပျက်ပုံကို မေးမြန်းလေ၏။

မောင်တိုင်းကျော်သည် ခင်မောင်ညွှန့် အပေါ်၌ အကျိတ်အခဲ မကျေနိုင်အောင် ဖြစ်၍ –

"ဒီခင်မောင်ညွှန့် ဆိုတဲ့အကောင်နဲ့ ကျုပ်နဲ့တော့ ကမ္ဘာရန်သူပဲ ကိုမိုးလုံးရယ်၊ လက်တွင်းရောက်ပြီးသား မနှင်းမြိုင်ကို ဒင်းလာရှုပ်လို့ လွတ်သွားရသကော၊ ဒီအကောင်ကို လက်တွင်း ရောက်အောင် ကြံပြီး သတ်ပစ်ချင်တယ်ဗျာ"

ဟု ကြုံးဝါးလျက် ခင်မောင်ညွှန့်နှင့် အမှတ်နှင့် လေကို လက်သီးဖြင့် ထိုးပြီးလျှင် အံကြိတ်ကာ အကြံယူနေလေ၏။

မောင်မိုးလုံးသည် မောင်တိုင်းကျော်၏ ကိစ္စကို အဆုံးတိုင် ဆောင်ရွက်ပြီး ဖြစ်၍ ကတိထားခဲ့သော ငွေ (၁၀၀၀ိ) ကို တောင်းလေရာ မောင်တိုင်းကျော်က

"မနှင်းမြိုင် လွတ်သွားရသည့်အတွင်း ငွေတောင်းသူကလည်း ရှုပ်လိုက်ပါဘိတော့ဗျာ"

ဟု ပြောရာ မောင်မိုးလုံးက –

"လွတ်တာ, ကျုပ်နဲ့ မဆိုင်ပါဘူး၊ ခိုးပေးဆိုလို့ ရောက်အောင်ပို့ပြီးရင် ကျုပ်တာဝန် ပြီးတာပဲ"

ဟု ခပ်ထန်ထန် ပြောလေ၏။

ထိုအခါ မောင်တိုင်းကျော်မှာ မောင်မိုးလုံး၏ သဘောကို သိ၍ ကတိမပျက်ဝံ့သောကြောင့် ငွေ (၁၀၀၀ိ) ကို ကတိစာချုပ်အဖြစ်နှင့် လက်မှတ်ထိုးထားရလေ၏။

မောင်တိုင်းကျော်မှာ အကြံလည်း မအောင်၊ ငွေတစ်ထောင်လည်း ကုန်သည့်ပြင် မနှင်းမြိုင် အမှုကြောင့် ရွှေဘိုသို့ ပြန်ရန် ခဲယဉ်းသဖြင့် ၎င်းစခန်း၌ပင် မောင်မိုးလုံးနှင့်အတူ ခေတ္တနေပါရစေ ဆို၍ နောက်ပါ နှစ်ယောက်နှင့် တကွ နေကြရလေ၏။

မောင်မိုးလုံးသည် မောင်တိုင်ကျော်တို့ လူစုအား နေရာထိုင်ခင်းပေး၍ မိမိ အခန်းသို့ ဝင်ပြီးလျှင် ဆင်ခြင်မိသည်မှာ "ဤသူငယ်မသည် မောင်တိုင်းကျော် ကဲ့သို့သော သာမည လူစားနဲ့ မတော်၊ မင်းစိုးကတော် ဖြစ်ထိုက်သည်၊ ထို့ကြောင့်သာလျှင် သူ့အကြံမအောင်ဘဲ လက်တွင်းက လွတ်ရသည်၊ မင်းကတော် စိုးကတော် မဖြစ်လျှင် အဖျင်းဆုံး ဓားပြဗိုလ် ကတော် ဖြစ်ထိုက်သည်" စသည်ဖြင့်

mgyoe.com

mgyoe.com


စဉ်းစား ဆင်ခြင်မိရာ ' ဤတစ်ခါတွင် မနှင်းမြိုင်ကို ငွေတစ်ထောင်အတွက် မဟုတ်ဘဲ မိမိအတွက် ရအောင်ခိုးအံ့' ဟု အောက်မေ့ကာ တံတိုခဲလျက် အကြံထုတ်နေလေ၏။

❑

mgyoe.com

mgyoe.com

# အခန်း (၉)

ခင်မောင်ညွန့်သည် ဖခင် မြို့ဝန်ကြီးအား မိဘများနှင့်အတူ (၃–၄) ရက်မျှ နေထိုင်ပါဦးမည်ဟု ကတိထားခဲ့သည့်အတိုင်း အတူနေထိုင်၍ (၄) ရက် မြောက်သောနေ့တွင် နောက်တစ်နေ့ နံနက် ရွှေဘိုမြို့မှ ထွက်ခွာသွားရန် ရက်ချိန်း သတ်လိုက်လေ၏။

မသွားမီ ရက်များအတွင်း မနှင်းမြိုင်အိမ်သို့ သွားလိုသော ဆန္ဒ ပြင်းထန်လှသော်လည်း ခွဲခွာရမည့်အတူတူ မြင်ရဖန် များလေလေ ခွဲခွာဖို့ ခက်လေလေ ရှိမည့်အကြောင်းကို ရိပ်မိသည်နှင့် "မနှင်းမြိုင်၏ အိမ်သို့ မကြာမကြာ လာခဲ့ပါဦးမည်" ဟု ပြောမိခဲ့သော်လည်း စိတ်ကို တင်း၍ မသွားဘဲ နေခဲ့လေ၏။

သို့ရာတွင် မိမိ မသွားမီ ညီ ခင်မောင်ကွန့်အား မှာထားလိုသော စကားများ ရှိသေးသဖြင့် ညီ ခင်မောင်ကွန့်ကို မိမိ အခန်းသို့ ခေါ်ပြီးလျှင် –

"ငါ့ညီ ခင်မောင်ကွန့် ကိုကိုတော့ နက်ဖြန်စောစော ရွှေဘိုမြို့မှ ထွက်ခွာသွားရလိမ့်မယ်၊ ဘယ်တော့မှ ပြန်လာရမယ် မသိဘူး၊ သို့သော် မသွားခင် စကားတစ်ခု မှာထားခဲ့ချင်တယ် ညီညီ"

ဟု ဆိုကာ ခင်မောင်ကွန့် အနီးသို့ ချဉ်းကပ်၍ ပခုံးပေါ်သို့ လက်တင် ပြီးလျှင် ချစ်ခင်သော မျက်နှာနှင့် ကြည့်နေသေး၏။

ထို့နောက်မှ ခင်မောင်ညွန့်က –

"ရှားတောရွာ ရုပ်သေးပွဲမှာတုန်းက ကိုကိုတို့ ညီအစ်ကိုနှစ်ယောက်နဲ့ မောင်တိုင်းကျော်၊ မောင်တင်မောင်တို့ မနှင်းမြိုင်ကို ရအောင် လှည့်တမ်းဆိုပြီး ငွေလောင်းခဲ့ကြတယ်၊ သူတို့မှာတော့ ကိစ္စမရှိဘူး၊ ကိုကိုတို့မှာတော့ ညီ

mgyoe.com

mgyoe.com


အစ်ကိုချင်း ဖြစ်လျက် ရည်စားလုဖက် ဖြစ်မှန်းမသိ ဖြစ်ခဲ့ကြရပြီ၊ ရုတ်တရက် သဘောတူလိုက်မိသော်လည်း ပြန်စဉ်းစားကြည့်လိုက်တော့ ကိုကိုက အကြီးဖြစ်တဲ့အတွက် မှားတယ်ဆိုတာ သိရတယ်၊ သို့သော် ယခုတော့ ကိုကိုမှာ ခရီးထွက်ရတော့မယ်။

"အကယ်၍ ကိုကို သွားပြီးတဲ့နောက် မနှင်းမြိုင်ကို ညီညီများ ရလို့ရှိရင် ဒီမိန်းကလေးဟာ ဒီပြင် မိန်းကလေးတွေနဲ့ မတူပေဘူး၊ ရုပ်ရည်ကလည်း ချောတယ်၊ အင်မတန် လိမ္မာတယ်၊ သို့သော် သူ့ခမျာ အမေရယ် အဖေရယ်လို့ ခေါ်စရာ မရှိရှာဘူး၊ သိပ်သနားဖို့ ကောင်းတယ်၊ ဒါကြောင့် ညီညီက သူ့ကို ကရုဏာ ထားပြီး ကြိုးစားချစ်ရစ်ပါ ညီညီ။

"တကယ်လို့များ ညီညီနဲ့ အကြောင်းမဆုံလို့ အခြားလူများက လျှပ်ပေါ်လော်မာပြီး ကျောရုံကြံခဲ့လို့ရှိရင် ကိုကို ရှိတဲ့ အရပ်ကို စာပါးလိုက်ပါ၊ အကြောင်းဆုံဆုံ မဆုံဆုံ မနှင်းမြိုင်ကို ညီညီက နှမအရင်းလို အောက်မေ့ပြီး စောင့်ရှောက်ရစ်စေချင်တယ်၊ တကယ်လို့ မောင်တိုင်းကျော်၊ မောင်တင်မောင်တို့နဲ့ ရေစက်ဆုံလို့ တစ်ယောက်ယောက် ရသွားရင်လည်း ကို့ကို့အတွက် ငွေ (၁၀၀၀ိ) ကို ညီညီက စိုက်ပြီး ပေးထားနှင့်ပါ"

ဟု မှာထားရာတွင် ခင်မောင်ညွန့်မှာ ရင်ထဲ၌ မချိသည် ဖြစ်၍ လွန်စွာ မျက်နှာညှိုးလျက် ရှိ၏။ ခင်မောင်ကွန့်ကမူ အစ်ကို၏ မျက်နှာကို အကဲခတ်မိရာတွင် –

"မနှင်းမြိုင် အပေါ်၌ ချစ်ကြိုက်စုံမက်နေသည့် အဖြစ်ကို ရိပ်မိ၍ မှာထားသည့် စကားများကို မြေဝယ်မကျ နားထောင်ရစ်ပါမည်"

ဟု ကတိဝန်တာ ခံယူပြီးနောက် ခင်မောင်ညွန့်က – အခွင့်ပြုသည်နှင့် အခန်းပြင်သို့ ထွက်သွားလေ၏။

နောက်တစ်နေ့ နံနက် မိုးလင်းသော် ခင်မောင်ညွန့်မှာ မိဘများနှင့် ခွဲခါနီးတွင် အားရအောင် စကားပြောမည် ဆို၍ သန်းခေါင်ကျော်သည့် တိုင်အောင် မှာထားရန် ရှိသည်တို့ကို အထပ်ထပ် မှာထားရင်း ဝိုင်းဖွဲ့ကာ စကားပြောနေကြသဖြင့် အနည်းငယ်မျှသာ အိပ်စက်ရလေ၏။

မြို့ဝန်ကတော်ကြီးသည် ကောင်းမွန်သော စားသောက်ဖွယ်တို့ကို ရက်အတန်ကြာ စားသောက်နိုင်လောက်အောင် ပြင်ဆင်စေလျက် လမ်းခရီးတွင် သတိဝီရိယ မပေါ့လျော့စေဖို့ကိုလည်း အထပ်ထပ် မှာထားလိုက်၍ မြို့ဝန်ကြီး

mgyoe.com

mgyoe.com


လည်း ခင်မောင်ညွန့် သုံးစွဲရန်အတွက် အသပြာ တစ်ထောင်ထုပ်နှင့် ငွေ (၃၀၀၀ဝ) ကျော်တန်သည့် မြလက်စွပ်တစ်ကွင်းကို ပေးပြီးလျှင် အရေးကိစ္စ ရှိ၍ ငွေကြေးလိုခဲ့လျှင်လည်း ခင်မောင်ညွန့်အား ပေးထားသော ဘယက် ခွက်ကို အထိမ်းအမှတ် အဖြစ်ဖြင့် လူတစ်ယောက်ယောက်ကို စေလိုက်ရန် မှာထားလေ၏။

ခင်မောင်ညွန့်ကလည်း မိဘများ၏ ကျေးဇူးကြီးကြောင်းကို ထပ်လောင်း ချီးကျူး၍ ကိစ္စတစ်စုံတစ်ရာရှိလျှင် မိမိ ရှိရာ အရပ်သို့ စေလွှတ်မှာထားပါမည့် အကြောင်းနှင့် တောင်းပန် ပြောဆိုလေ၏။

ထိုည၌အဖို့မှာ ခင်မောင်ညွန့်သည် အိမ်သူအိမ်သားများနှင့် မနှင်းမြိုင် အကြောင်းကို စဉ်းစားနေမိသဖြင့် မှေးခနဲ အိပ်ပျော်ကာမျှနှင့်ပင် ခရီးထွက်ချိန်တိုင် ရောက်လေတော့၏။

အရုဏ်တက်၍ လင်းကြက်တို့သည် အိပ်တန်းမှ တွန်မြည်စ ပြုကြ သည်တွင် ခင်မောင်ညွန့်သည် ပစ္စည်းကလေးများကို လွယ်အိတ်တွင် ထည့်၍ ဖခင် ပေးထားသော "ဘော်ဖြူ"အမည်ရှိ မြင်းဖြူကြီးကို ကုန်းတင်စေပြီးလျှင် မိခင် ဖခင်တို့ကို ကန်တော့၍ ညီနှင့် နှုတ်ဆက်ပြီးနောက် မြို့တောင်တံခါးသို့ မျက်နှာမူလျက် ထွက်လာခဲ့လေ၏။

မနှင်းမြိုင်တို့၏ အိမ်သည် သွားမည့်လမ်းတွင် ရှိ၍ အိမ်ရှေ့သို့ ရောက် လတ်သော် ခင်မောင်ညွန့်သည် မနှင်းမြိုင်၏ အခန်းပြတင်းသို့ စောင်းငဲ့ကာ ကြည့်လိုက်မိလေ၏။

ထိုအခိုက်တွင် ဘော်ဖြူသည် ကျယ်လောင်သော အသံဖြင့် ဟီလိုက်ရာ အိမ်ထဲမှ ခွေးကြီးက ဟောင်လိုက်သဖြင့် ပြတင်းတံခါး ရုတ်တရက် ပွင့်လာ၍ မနှင်းမြိုင်သည် ဦးခေါင်းပြူကာ အကြည့်လိုက်တွင် ခင်မောင်ညွန့်နှင့် မျက်နှာချင်း ဆုံမိကြလေ၏။

ခင်မောင်ညွန့်သည် မနှင်းမြိုင်၏ မျက်နှာကို မြင်လိုက်ရသောအခါ "ခရီးမထွက်မီ မနှင်းမြိုင်၏ မျက်နှာကို တစ်ကြိမ်တည်း ဖြစ်စေ မြင်လိုလှသည့် ဆုတောင်း ပြည့်သဖြင့် ဝမ်းသာမိသည်နှင့်အညီ ယခုမြင်ရခြင်းသည် အဆုံးစွန် မြင်ရခြင်းပေတည်း" ဟု အောက်မေ့မိသဖြင့်လည်း ရင်ထဲမှ ဆို့သွား၍ ခရီး ထွက်တော့မည့် အဓိပ္ပာယ်မျိုးနှင့် လွယ်အိတ်ကို မြှောက်ကာပြပြီးလျှင် တောင်အရပ်သို့ လက်ညှိုးညွှန်လျက် မြင်းကို နှင်လေတော့၏။

mgyoe.com

mgyoe.com


မနှင်းမြိုင်မှာ တစ်ရက်သော် ပေါ်လာနိုးနိုး မျှော်လင့်နေခဲ့သည့်အတွင်း ခင်မောင်ညွှန့်၏ မျက်နှာကို မြင်လိုက်ရာတွင် ရွှင်ပျသော မျက်နှာဖြင့် လက်ပြမည် ပြုလိုက်သည်နှင့် တစ်ပြိုင်နက် ခင်မောင်ညွှန့်က လွယ်အိတ်ကို မြှောက်ပြ၍ ခရီးသွားမည်ဟု ဆိုလိုသော အဓိပ္ပာယ်ကို ရိပ်မိသည်နှင့် သောက ပူပင် ဘဝင် ဖိုလှိုက် စိတ်အိုက်သော မျက်နှာနှင့် သွားလေသည့် လမ်းကိုသာ မျက်ရည် အသွယ်သွယ်တန်းလျက် ရော်ရမ်းကာ မျှော်နေရစ်ရှာလေတော့သတည်း။

❑

mgyoe.com

mgyoe.com

# အခန်း (၁၀)

ခင်မောင်ညွန့်သည် မြို့တောင်တံခါးမှ ထွက်လာ၍ ခရီးအတန်ငယ် သွားမိသောအခါ အရှေ့ အနောက် တောင် စသော သုံးမျက်နှာတို့သို့ ဖြာထွက်သည့် လမ်းဆုံသို့ ဆိုက်ရောက်လာလေ၏။

ထို (၃) လမ်းအနက် မည်သည့် လမ်းသို့ လိုက်ရမည်ဟု မဆုံးဖြတ်နိုင်သဖြင့် မြင်းဇက်ကို ပုံပေးလိုက်ရာ ဘော်ဖြူသည် တောင်ဘက်သို့ တည့်တည့်သွားသော လမ်းအတိုင်း စွတ်၍ လိုက်သဖြင့် မြင်းသွားသည့်လမ်းအတိုင်း လိုက်သွားလေ၏။

ခင်မောင်ညွန့်၏ မွေးသမိခင်မှာ မြို့အနီးအနား တစ်ဝိုက်တွင် မရှိနိုင်၊ ဝေးလံသော အရပ်၌သာ ရှိလိမ့်မည်ဟု ခင်မောင်ညွန့် ယူဆသည် ဖြစ်၍ လမ်းခရီး၌ တွေ့ရသော ရွာများသို့ မဝင်ဘဲ မြင်းကို ခပ်ဖြည်းဖြည်း စီးကာ ဆက်လက် ထွက်သွားလေတော့၏။

မွန်းတည့်ချိန် နီး၍ နေမင်းသည် ရောင်ရှိန်ပြင်းလတ်သော် စုပေါင်းလျက်ပေါက်နေသော သစ်ပင်အုပ်ကြီးကို တွေ့သဖြင့် ဘော်ဖြူကို အနီးရှိ ချောင်းငယ်မှ ရေတိုက်ပြီးနောက် လွှတ်ထားလိုက်ရာ မြင်းလိမ္မာ ဖြစ်သောကြောင့် ထိုအနားတစ်ဝိုက်၌သာ မြက်စားနေလေ၏။

ခင်မောင်ညွန့်မှုကာ သစ်ပင်ရိပ်အောက်တွင် မိခင် ပေးလိုက်သော စားဖွယ်တို့ကို အထုပ်မှ ဖြည်ယူစားသောက်လေ၏။

ခင်မောင်ညွန့်သည် အတန်ငယ် ခရီးပန်း၍ ညဥ့်အချိန်ကလည်း ကောင်းစွာ မအိပ်ခဲ့ရသောကြောင့် လွယ်အိတ်ကို ခေါင်းအုံးကာ မြက်ခင်းပေါ်၌ လှဲလိုက်လျှင်ပင် အိပ်ပျော်သွားလေ၏။

mgyoe.com

mgyoe.com


အိပ်ရာမှ နိုးလတ်သော် နေမင်းသည် နီတီတီအရောင်ဖြင့် အနောက်မျက်နှာသို့ စောင်းငဲ့လျက် ရှိပြီဖြစ်၍ ခင်မောင်ညွှန့်သည် ဘော်ဖြူကို ဖမ်း၍ သွားမြဲလမ်းအတိုင်း တောင်အရပ်သို့ ဆက်လက် ထွက်ခွာခဲ့ပြန်လေ၏။

ခရီးအတန်ငယ် သွားမိ၍ နေဝင်လတ်သော် လဆန်း (၇) ရက် လ, ကလေးသည် လမ်းကို မြင်နိုင်ရုံသာသာ ရှိသည့် အရောင်ဖြင့် ပေါ်လာလေ၏။

လ, မဝင်မီ ရွာတစ်ရွာသို့ ရောက်အောင် သွားမည့်အကြံနှင့် မြင်းကို ခပ်သုတ်သုတ် နှင်လာခဲ့ရာ မိမိ၏ နောက်မှ မြင်းခွာသံ အမြောက်အမြားသည် တစ်တောလုံး ဆူညံအောင် စိုင်းလာကြသည်ကို ကြားရလေ၏။

ထိုအခါ ခင်မောင်ညွှန့်သည် မည်သည့်လမ်းကို လာမည့် မြင်းများဖြစ်လေသနည်းဟု ဘော်ဖြူကို ဇက်သတ်ကာ နားစိုက်လျက်ထောင်နေလေရာ မြင်းခွာသံများသည် တဖြည်းဖြည်း နီးကပ်၍ လာလေ၏။

မြင်းစီးသမားများ မိမိ၏လမ်းသို့ လာကြဟန်တူသောကြောင့် ခင်မောင်ညွှန့်သည် မိတ်ဆွေလော၊ ရန်သူလော မသိနိုင်သဖြင့် လမ်းဘေးရှိ ချုံကလေးဆီသို့ စီးသွားပြီးလျှင် ချုံကိုကွယ်လျက် လူသံကို နားထောင်နေလေ၏။

မြင်းခွာသံတို့သည်လည်း အနီးသို့ ရောက်လာ၍ မြင်းများပေါ်မှ စကားပြောလာကြသော အသံများကို ကြားလေလျှင် ခင်မောင်ညွှန့်သည် ဘော်ဖြူ၏ လည်ပင်းကို ပွတ်သပ်၍ စုပ်သပ်ကာ ချော့မော့ပါသော်လည်း ဘော်ဖြူသည် အခြားသော မြင်းများ၏အသံကို ကြားရသဖြင့် မြူးထူးသောကြောင့် ဟီးလိုက်လေရာ မြင်းစီးသမားများသည် မြင်းများကို ဇက်သက်၍ တစ်ယောက်သောသူက –

"ဟဲ့ ဘယ်သူလဲ"

ဟု မေးလိုက်၏။

ခင်မောင်ညွှန့်သည် မိမိအား မည်သူ တစ်ဦးတစ်ယောက်မျှ "ဟဲ့" ဟူ၍ မခေါ်ဖူးသဖြင့် ရုတ်တရက် အမျက်ထွက်၍ –

"ငါ ဟေ့"

ဟု ပြန်ပြောလိုက်၏။

လက်ဦးမေးသောသူသည် ခပ်မာမာ ပြောလိုက်သော "ဟေ့" သံ အတွက်ကြောင့် မိမိအား စော်ကားသည်ဟု ယူဆ၍ ၎င်း၏ မြင်းကို ချုံအနီးသို့ စိုင်းလာလေ၏။

mgyoe.com

mgyoe.com


ခင်မောင်ညွှန့်သည် မြို့ဝန်ကြီး ပေးလိုက်သည့် အကောင်းဆုံး သံမဏိဖြင့် လုပ်ထားသော ဓားကို အိမ်မှ ချွတ်၍ –

"အနားမကပ်နဲ့နော် သတိထား"

ဟု ခပ်ငေါက်ငေါက် ပြောလိုက်ရာတွင် ထိုသူသည်လည်း မိမိ ဓားကို ဝင့်လျက် ခင်မောင်ညွှန့်၏ လည်ပင်းကို ချိန်ကာ မြင်းနှင့် အတင်းပြေးဝင်၍ ခုတ်ပိုင်းလိုက်လေ၏။

ခုတ်လိုက်သော ဓားချက်သည် မှန်းရွယ်သည့်အတိုင်း ထိခဲ့ပါမူ လူ တစ်ယောက်၏ လည်ပင်းကို မဆိုထားဘိ မြင်း၏လည်ပင်းကိုပင်လျှင် ထက်ပိုင်း ပြတ်လောက်သည့် ခွန်အား ရှိပေ၏။

သို့ရာတွင် ခင်မောင်ညွှန့်မှာ လျင်မြန်ဖျတ်လတ်သည် တစ်ကြောင်း၊ ဓားသိုင်း၊ လှံသိုင်း စသော အတတ်တို့ကို ရှမ်းဆရာကြီးများ၏ လက်အောက်တွင် ငယ်စဉ်ကတည်းက သင်ထားဖူးသည် တစ်ကြောင်း၊ ဘော်ဖြူသည် ခင်မောင် ညွှန့် စီးနေကျ ဖြစ်၍ သခင်၏ ဇက်ပေး ဇက်ယူကို နားလည်သည် တစ်ကြောင်း ကြောင့် ခင်မောင်ညွှန့်က မြင်း၏ လည်ပင်းကို ဇက်ဖြင့် အနည်းငယ် ဖေးလိုက် သည်နှင့် တစ်ပြိုင်နက် ဘော်ဖြူသည် နံဘေးသို့ "ဖျပ်ခနဲ" တိမ်းလိုက်သဖြင့် ကျလာသော ဓားချက်သည် ခင်မောင်ညွှန့်၏ နားရွက်အနီးမှ "ရွှီ" ခနဲ ထွက်သွားလေ၏။

ထိုလူသည် တစ်ချက်တည်းနှင့် ကိစ္စပြီးမည် ထင်သဖြင့် မိမိ၌ ရှိသမျှ ခွန်အားကို အကုန်ထုတ်၍ ခုတ်လိုက်မိရာ လူကို မခုတ်မိဘဲ လေကိုသာ ခုတ်မိ သဖြင့် အားလွန်၍ ဟန်ပျက်အသွားတွင် ခင်မောင်ညွှန့်သည် ထိုလူ၏ အသက်ကို မသေစေမူ၍ ဓားသွားဖြင့် မခုတ်ဘဲ ပါးပေါ်သို့ အပြားလိုက်ကျအောင် ရိုက်လိုက် လေ၏။

ထိုသူသည် ဓားချက်မိသဖြင့် ဒေါသအမျက် ပြင်းစွာထွက်လျက် မိမိနှင့် အန်တုဗလပြု၍ ဓားချင်းဆိုင်ပြိုင် တိုက်ခိုက်ဝံ့သူကား ရွှေဘိုနယ်၌ မရှိ၊ ဤသူကား ငါ့အကြောင်းကို သိဟန်မတူ တစ်ခါ "သိစေရမည်" ဟု အံသွားကြိတ်ကာ ဓားကို မြဲခိုင်စွာ ဆုပ်ပြီးလျှင် ခင်မောင်ညွှန့် ဘက်သို့ လှည့်ပြန် လေ၏။

ထိုခဏ၌ ထိုလူ၏ အဖော်များသည် ကူညီမည်အကြံနှင့် ဝိုင်းဝန်း လာရောက်ကြလေရာ ထိုလူက –

mgyoe.com

mgyoe.com


"နေပစေဟော့၊ တစ်ယောက်ချင်း တိုက်မယ်၊ မင်းတို့ နောက်ဆုတ်လိုက်" ဟု အမိန့်ပေးသဖြင့် လူများ ရှဲအသွားတွင် ထိုလူသည် မြင်းဇက်ကို လက်တစ်ဖက်ဖြင့် ကိုင်လှုပ်ကာနှင်၍ အခြားလက်၌ ကိုင်ထားသော ဓားဖြင့် ခင်မောင်ညွှန့်၏ ရင်ဝကို တည့်တည့်ကြီး ထိုးလိုက်လေ၏။

သို့ရာတွင် မျက်စိ အလွန်လျင်လှသော ခင်မောင်ညွှန့်သည် ရင်ဝသို့ တည့်တည့်လာသော ဓားဦးကို မိမိ ဓားဖြင့် လမ်းလွှဲပေးလိုက်ရာ သံမဏိသည် သံမဏိကို ထိသဖြင့် မီးပွင့်ထွက်၍ "ချွမ်" ခနဲ မြည်သွားလေတော့၏။

ခင်မောင်ညွှန့်မှာ မိမိ၏ အသက်ဘေးကို စိုးရိမ်ခြင်း မရှိ၊ ဒေါသလည်း မထွက်၊ တုန်လှုပ်ခြင်းလည်း မရှိ၊ မိမိထံသို့ လာသမျှသော ဓားချက်ကို ခပ်အေးအေးပင် ရှောင်တိမ်းကာ တိုက်ခိုက်လေ၏။

ထိုသူမှာကား ခွန်အားဗလ ကြီးလှသော်လည်း စိတ်ထင်တိုင်း မပေါက်သဖြင့် ဒေါသကြီးသည်ထက် ကြီးလာခဲ့ရာ ခံတွင်းမှ အမြှုပ်ထွက်သည့်တိုင် အံတကြိတ်ကြိတ်နှင့် တိုက်လေ၏။

ဤနည်းအားဖြင့် တစ်ယောက်သောသူကား စွမ်းအားရှိသမျှလောက် အစွမ်းကုန်ထုတ်၍ တိုက်၏။ တစ်ယောက်မှုကား မကြောက်မရွံ့ မတွန့်မဆုတ် မျက်စိလျင်စွာ ဖျတ်လတ်စွာဖြင့် လာသမျှသော ဘေးရန်တို့ကို တိမ်းရှောင် တိုက်ခိုက်၏။

သို့ရာတွင် တစ်ယောက်သောသူမျှ အနာတရ ထိခိုက်ခြင်း မရှိသေးချေ။ အတင်းတိုက်သော လူသည် ဤသို့သော လူမျိုးကို မတွေ့စဖူးဟု အောက်မေ့မိရာတွင် "ထိုလူကား လူသာမညမဟုတ်တန်ရာ၊ တိုက်ခိုက်ခြင်း အရာတွင် လိမ္မာကျွမ်းကျင်ဟန်တူသည်" ဟု အောက်မေ့၍ သတိမလွတ်စေဘဲ မြင်းကုန်းကို ခိုင်မြဲအောင် ပြုလုပ်ပြီးမှ ခင်မောင်ညွှန့်အနီးသို့ ချဉ်းကပ်ကာ စေ့စေ့ ကြည့်နေလေ၏။

ထိုလူ၏ ကိုယ်လက်အင်္ဂါတို့သည် အလွန် ထွားကျိုင်းလှ၍ ကိုင်စွဲသော ဓားကြီးမှာလည်း အသွားလက်တစ်အုပ်ခန့်မျှ ကျယ်ဝန်းပေ၏။ ထိုလူ၏ မြင်းကြီးသည်လည်း သခင်၏ ကိုယ်လုံးနှင့် လိုက်အောင် ဖွံ့ဖြိုးကြီးမားလှပေ၏။

လေးလံသော ကိုယ်ကြီးကို သယ်ပိုး၍ ထိုမှ ဤမှ ပြောင်းရွှေ့ ပြေးလွှား

mgyoe.com

mgyoe.com


နေရသောကြောင့် မြင်းကြီး၏ ချွေးများသည် လရောင်တွင် ဖိတ်ဖိတ်တောက်၍ ဇက်တို့မှာလည်း အမြှုပ်ဖုံးလျက် ရှိကုန်၏။

ဤသို့ တစ်ယောက်ကို တစ်ယောက် အလစ်စောင့်၍ မျက်တောင်မခတ်ဘဲ စေ့စေ့ကြည့်နေကြပြီးနောက် ထွားကျိုင်းသော လူသည် ခင်မောင်ညွန့်အား "မင်းတော့ သေပေတော့" ဟူသော အဓိပ္ပာယ်နှင့် မျက်လုံးပြူးကာ စိန်းစိန်းကြည့်ပြီးလျှင် ဓားကို ယခင်ကဲ့သို့ ဘေးတိုက်မခုတ်ဘဲ ခင်မောင်ညွန့်၏ ခေါင်းပေါ်သို့ တည့်တည့်ချိန်၍ နှစ်ခြမ်းကွဲစေလောက်အောင် ခုတ်ချလိုက်ရာ ပါးနပ်သော ခင်မောင်ညွန့်မှာ ဓားမြှောက်သည်ကို မြင်ရကာမျှနှင့် ဘယ်ကဲ့သို့ ခုတ်မည်ကို ကြိုတင်၍ သိရသောကြောင့် အထက်မှလာသော ဓားချက်ကို မိမိ၏ဓားဖြင့် အားရှိသလောက် မြှောက်၍ ခံလိုက်၏။

နောက် တစ်ခဏ၌ ခင်မောင်ညွန့်၏ သံမဏိဓားသည် ထွားကျိုင်းသောလူ၏ ဓားကြီးကို သစ်သားကဲ့သို့ ထက်ပိုင်း ပြတ်ထွက်သွားစေလေ၏။

ထွားကျိုင်းသော လူသည် မိမိ၏ဓား ထက်ပိုင်းပြတ်သွားသဖြင့် အစွမ်းညံ့ရာ ရောက်သောကြောင့် ရှက်လည်းရှက် များစွာလည်း အံ့သြသည်နှင့် "ဤလူသည်ကား သာမညလူ မဟုတ်၊ ငါ၏ ဖခင် လက်ထက်ကစွဲကိုင်လာခဲ့သော ဤဓားကြီးကိုပင် ထက်ပိုင်းပြတ်အောင် ပြုနိုင်သည့် လက်နက်ကောင်းလည်း ရှိပေသည်။ ဤလူနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းအားဖြင့် အကျိုးရှိမည် မဟုတ်၊ မိတ်ဆွေဖွဲ့ရသော် တော်လေစွ" ဟု အောက်မေ့လျက် မိမိနှင့်အတူ ပါသူတို့က ခင်မောင်ညွန့်အား ဝိုင်းကြမည်ပြုနေသည်ကို ဖယ်ရှားရန် အမိန့်ပေးပြီးနောက်–

"သင်သည် ကျွန်ုပ်၏ ဓားချက်ကို ခံနိုင်သူ ဖြစ်ပေသည်၊ သင်ကဲ့သို့သောသူကို ကျွန်ုပ် မတွေ့ဖူးပေ၊ ဘာကိစ္စနှင့် ဘယ်အရပ်ကို သွားမည်နည်း"

ဟု မေးလေလျှင် ခင်မောင်ညွန့်က–

"ကျွန်ုပ်မှာ ရွှေဘိုမြို့၌ အလုပ်လုပ်ကိုင်ခဲ့ရာမှ စစ်ကိုင်းမြို့ရှိ မိဘများထံသို့ ပြန်လာခဲ့ခြင်း ဖြစ်သည်"

ဟု ပြောလေ၏။

ထိုအခါ ထွားကျိုင်းသောလူက–

"မိဘများထံပြန်လျှင် ငွေဘယ်လောက် ပါသလဲ"

ဟု မေးရာ ခင်မောင်ညွန့်က–

mgyoe.com

mgyoe.com


"ငွေ (၁၀၀၀ဝ) ပါသည်"

ဟု မှန်သည့်အတိုင်း ပြောလေ၏။

ထိုလူက–

"ငွေ (၁၀၀၀ဝ) ပါလျက် တစ်ယောက်ထီးတည်း တောခရီးသွားရသည်မှာ မကြောက်သလော"

ဟု မေးရာ ခင်မောင်ညွန့်က –

"ကျွန်ုပ်အား တိုက်ဝံ့သူကို သင့်အား ကျွန်ုပ် ပြသကဲ့သို့ ပြမည်"

ဟု ပြန်ပြော၏။

ထိုအခါ ထွားကျိုင်းသောလူသည် ပါးပြင်၌ ဓားပြားရိုက်ထားသော ဒဏ်ရာကြောင့် စပ်တပ်တပ်ရှိသော ဝေဒနာကို သတိရ၍ "ဟုတ်ပါပေသည်" ဟု အောက်မေ့လျက်–

"သင်တစ်ယောက်တည်း ခရီးသွားလျှင် လူဆိုးတစ်ယောက်ချင်းကိုသာ သင် တတ်နိုင်မည်၊ လူဆိုး အမြောက်အမြား ဝိုင်းဝန်း တိုက်ခိုက်လျှင် စိုးရိမ်ရသည်၊ ကျွန်ုပ်တို့လည်း တောင်အရပ်သို့ သွားမည်ဖြစ်၍ ကျွန်ုပ်တို့နှင့် အတူ လိုက်ခဲ့ပေတော့"

ဟု ဆိုလျှင် ခင်မောင်ညွန့်က–

"ဤသူသည် ငါ့ကို ရန်ရှာလိုလျှင် ယခုပင် တတ်နိုင်ပေသည်။ သူနှင့် အတူ လိုက်သည့်အတွက် ယခုထက် ဆိုးနိုင်ဖွယ် မရှိတော့ပြီ"

ဟု စဉ်းစားမိသည်နှင့် ထိုလူ (၂၀) ခန့်တို့နှင့်အတူ လိုက်ပါသွားလေ၏။

လမ်းခရီးတွင် ထွားကျိုင်းသောလူသည် ခင်မောင်ညွန့်နှင့်အတူ ရှေ့ဆုံးမှသွားကြ၍ ခင်မောင်ညွန့်၏ သူရသတ္တိ အကြောင်းကို ချီးကျူးလျက်–

"ဤကဲ့သို့ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသောလူကိုသာလျှင် လူရည်တူ ထင်မှတ်ကြောင်း၊ ပိုက်ဆံကြေးငွေပေါသော လူများနှင့် ရာထူးဌာနန္တရ ကြီးမြင့်သူတို့ကို ဘာလောက်မျှ ပမာဏ မပြုကြောင်း၊ သတ္တိရှိသော သူသည်သာလျှင် ယောကျ်ားပီသကြောင်း၊ ယောကျ်ားဖြစ်လျက် သတ္တိမရှိခဲ့လျှင် ထဘီဝတ်၍ နေသင့်ကြောင်း"

စသည်ဖြင့် မိမိ၏ ထင်မြင်ချက်များကို ဖွင့်ဟပြောဆိုကာ လာခဲ့ကြ၏။

mgyoe.com

mgyoe.com


ခရီးတစ်တိုင်ခန့်ရောက်၍ ရှေ့မှ မီးရောင်များကို မြင်ကြသောအခါ ကြီးမားသောလူက ရွာကို ချဉ်းကပ်သဖြင့် စကားတီးတိုးမျှ ပြောကြရန် မိမိ၏လူများကို မှာထား၍ မြင်းများကို ခေတ္တရပ်တန့်စေပြီးလျှင် ခင်မောင်ညွန့်အား နာမည်ကို မေးလေ၏။

"မောင်ညွန့် ခေါ်ပါသည်"

ဟု ခင်မောင်ညွန့်က ပြောသဖြင့် ထွားကျိုင်းသောလူက–

"ကျုပ်အကြောင်းကို ပြောပြရဦးမှာပေါ့၊ ကျုပ်ကို မမြင်ဖူးပေမဲ့ နာမည်ကိုတော့ ကြားဖူးမှာပဲ၊ ဗိုလ်မိုးလုံး ဆိုတာ ကျုပ်ပါပဲ"

ဟု ပြောရာတွင် ခင်မောင်ညွန့်မှာ ထိုလူ့အကြောင်းကို လူအများတို့ ပြောသံကြားဖူးသဖြင့် အံ့သြပြီးလျှင် "ဤလူကား ကောင်းသော အကြံအစည်နှင့် လာသည်မဟုတ်၊ ဧကန်မုချ တိုက်ခိုက်ရန်လာသည့် လက္ခဏာရှိသည်၊ တတ်နိုင်လျှင် သူ့လက်တွင်းမှ ကယ်သင့်သူကို ကယ်ရအောင် သူနှင့်အတူ ငါ လိုက်သွားဦးမည်" ဟု အောက်မေ့မိလေ၏။

သို့ဖြစ်၍–

"ဗိုလ်မိုးလုံး ယခု ဘယ်ကိုသွားမလို့တုန်း၊ စွန့်စွန့်စားစား လုပ်ရမယ့် အလုပ်မျိုးဆိုလျှင် ကျွန်တော် ဝါသနာပါပါတယ်၊ မိဘရပ်ထံ ပြန်ရာမှာ ငွေ (၁၀၀၀ိ) ထက် (၂၀၀၀ိ) လောက် ပိုက်ပြီး ပြန်ရရင် ကျွန်တော် ကြိုက်တာပဲ"

ဟု ပြောလေလျှင် ဗိုလ်မိုးလုံးသည် ခင်မောင်ညွန့်၏ စွမ်းရည်သတ္တိကို သဘောကျသည်နှင့်–

"ဒီလိုဆိုရင် ကောင်းပြီ၊ ကျုပ်တို့နဲ့ လိုက်ခဲ့ပေတော့"

ဟု ခေါ်ငင်သွားသဖြင့် ခင်မောင်ညွန့်သည် လူနှစ်ဆယ်ခန့်တို့နှင့် အတူ ရွာဘက်သို့ ဆက်လက် ထွက်လာခဲ့ကြလေ၏။

ရွာပေါက်သို့ ရောက်သောအခါ ကင်းသမားများသည် ခပ်ကြောက်ကြောက်နှင့် ကုပ်၍နေကြရာမှ ကင်းခေါင်းက–

"ဘယ်ကလူတွေလဲ"

ဟု မေးလိုက်ရာ ဗိုလ်မိုးလုံးက–

"တံခါးဖွင့်ကြဟေ့၊ ဘယ်သူဘယ်ဝါဆိုတာ သိလိမ့်မပေါ့"

ဟု ခပ်မာမာ ပြောလိုက်လေ၏။

mgyoe.com

mgyoe.com


ကင်းသမားများသည် အာဏာသံပါသော စကားကို ကြားရသဖြင့် မင်းထံမှလူများ ဖြစ်မည်ထင်၍ ရွာတံခါးကို ဖွင့်ပေးကြလေရာ ဗိုလ်မိုးလုံးတို့ လူစုသည် ရွာတွင်းသို့ဝင်၍ သူကြီးအိမ်သို့ သွားကြလေ၏။

ကင်းသမားများသည် ဗိုလ်မိုးလုံးကို မြင်သောအခါ မည်သည် ဖြစ်သည်ကို သိကြသဖြင့် အံ့အားသင့်လျက် စကားတီးတိုးပြောကာ နေရစ်ကြလေ၏။

ခင်မောင်ညွှန့်သည် ဗိုလ်မိုးလုံးနှင့်အတူတွဲ၍ ဝင်သွားရာတွင် အချိန်မဲ့ဖြစ်သော်လည်း အိမ်တိုင်း၏ရှေ့၌ မီးတစ်ခွက်စီ ထွန်းညှိထားသည်ကို မြင်သဖြင့် အကြောင်းမည်သို့ ရှိလေသည်ကို တွေးတောဆင်ခြင်ကာ လိုက်ပါသွားလေ၏။

ရွာသူကြီးလည်း မြင်းသံ လူသံများကို ကြားသဖြင့် အိမ်တံခါးကို ဖွင့်၍ မီးခွက်ကိုကိုင်လျက် ထွက်လာရာ မောင်မိုးလုံးကို မြင်သောအခါ–

"အောင်မယ်လေး အစ်ကိုကြီးရယ်၊ တစ်နှစ်မှာ ရက်ပေါင်း (၃၆၀) ရှိတဲ့အထဲ ဒီကနေ့မှ လာပဲလာတတ်ပေတယ်"

ဟု ဆိုကာ အခိုင်းအစေများကို ခေါ်၍ မြင်းများအတွက် မြက်၊ ပြောင်း စသည်တို့ကို ပေးစေပြီးမှ ဗိုလ်မိုးလုံးနှင့် ခင်မောင်ညွှန့်တို့ကို အိမ်ပေါ်သို့ ခေါ်သွားလေ၏။

ဤရွာသူကြီးမှာ ဗိုလ်မိုးလုံးနှင့် ညီဝမ်းကွဲတော်သူ "မောင်မိုးခဲ" ဖြစ်လေသည်။

ဗိုလ်မိုးလုံးနှင့် ပတ်သက်၍ အထက်အရာရှိများက ဖမ်းဆီးရန် အကြံပြုခြင်း စသော သတင်းမျိုးကို ကြားရသည့် မောင်မိုးခဲသည် အစ်ကိုရှိရာ အရပ်သို့ ကိုယ်တိုင်သွား၍ ပြောကြားလေ့ရှိ၏။

ကြေးငွေ အလှည့်အပတ် မသင့်သည့် အခါတို့၌လည်း တစ်ယောက်ကိုတစ်ယောက် ကူညီထောက်ပံ့လေ့ရှိ၏။

တစ်ခါက မောင်မိုးခဲသည် ဗိုလ်မိုးလုံး၏ လက်တွင်းသို့ ရောက်သွားဖူးရာ ငယ်စဉ်ကတည်းက ခွဲခွာနေထိုင်ခဲ့ကြသောကြောင့် တစ်ယောက်ကိုတစ်ယောက် မမှတ်မိကြဘဲ စကားစပ်မိ၍ နာမည်ကို ကြားလိုက်သောအခါတွင်မှ မျိုးရိုးဇာတိကို စစ်ဆေးမေးမြန်းကြသဖြင့် ညီအစ်ကိုတော်စပ်ကြောင်း သိကြရ၏။

မောင်မိုးခဲသည် ဗိုလ်မိုးလုံးနှင့် ညီအစ်ကို တော်စပ်ကြောင်းကို အခြား

mgyoe.com

mgyoe.com


သူများ မသိစေဘဲ ရုံဖန်တွေ့ရန် ကိစ္စရှိသောအခါများတွင် အခြားနေရာများ၌သာ တွေ့ဆုံတတ်ကြ၏။

အထက်အရာရှိများသည် ဗိုလ်မိုးလုံး၏ ဇာတိ, ဇာစ်မြစ်ကို ကောင်းစွာ မသိသေးသဖြင့် မောင်မိုးခဲမှာ မင်းပြစ်ဒဏ် မခံရရုံမျှမက သူကြီးရာထူး၌ပင် တင်မြှောက်ခြင်း ခံရလေ၏။

အကယ်၍ ဆွေမျိုးတော်စပ်ကြောင်းကို သိရပါမူကား မြန်မာမင်းတို့၏ ထုံးစံအတိုင်း ဗိုလ်မိုးလုံး၏ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တို့ကို အဆုံးစီရင်မည် ဖြစ်ပေသတည်း။

ဗိုလ်မိုးလုံးနှင့် ခင်မောင်ညွန့်တို့သည် အိမ်ပေါ်သို့ ရောက်ကြသောအခါ မောင်မိုးခဲက–

"အံ့ဩပါရဲ့ အစ်ကိုကြီးရယ်၊ ကျွန်တော့်အိမ်ကို ဘယ်တော့ကမှ မလာဖူးပဲ၊ လာမယ့်လာတော့ ဒီကနေ့မှ လာပါပေတယ်"

ဟု ပြောရာတွင် ဗိုလ်မိုးလုံးက–

"ကိစ္စထူးလို့ လာရသပေါ့ကွယ်၊ ဒါထက် ဒီကနေ့မှပဲ လာရသလားလို့ မင်း ခဏခဏပြောတယ်၊ ဒီကနေ့က ဘာများ ထူးလို့တုန်းကွယ့်"

ဟု မေးရာ မောင်မိုးခဲက–

"ဒီရွာမှာ ဒီကနေ့ဟာ သိပ်ထူးတဲ့နေ့ကြီးပဲ အစ်ကိုကြီးရဲ့၊ ဒီကနေ့ဟာ တပို့တွဲလဆန်း (၇) ရက်နေ့ပဲ၊ အစ်ကိုကြီးတို့ လာတုန်းက အိမ်တိုင်းစေ့ မီးတစ်ခွက်စီ ထွန်းထားတာ မြင်ခဲ့ကြတယ် မဟုတ်လား"

ဟု မေးရင်း မိမိ၏သမီး "မလှမယ်" အား ကွမ်းဆေး လက်ဖက်မှစ၍ လက်ဖက်ရည်ကြမ်းနှင့် သကာတို့ကို ဦးကြီးအဖို့ ယူခဲ့ရန် ပြောလိုက်လေ၏။

မလှမယ်သည် ထိုခေတ်က အလေ့အထအတိုင်း ချိုပွဲချဉ်ပွဲတို့ကို ပြင်ဆင်၍ ဧည့်သည်များရှေ့၌ လာရောက်တည်ခင်းပြီးလျှင် မိမိ အခန်းတွင်းသို့ ဝင်သွားလေ၏။

မောင်မိုးခဲသည် အစ်ကိုနှင့် ခင်မောင်ညွန့်တို့အား စားသောက်ဖွယ်တို့ကို သုံးဆောင်ရန် တိုက်တွန်းပြီးနောက် အောက်ပါ အကြောင်းအရာတို့ကို ပြောပြလေ၏။

❑

mgyoe.com

mgyoe.com

## အခန်း (၁၁)

ယခုနှစ်မှ ရေတွက်သော် နှစ်ပေါင်း (၃၅၀) ကျော် ကာလက ရတနာပူရ အဝမြို့ကြီးတွင် ထီးနန်းစိုက်၍ သတိုးမင်းစောသည် မင်းပြုလေ၏။

ဎင်းမင်းလက်ထက်၌ ပေါက်ဖြူရွာသား "မောင်ဗလ" ဆိုသူသည် စစ်သည်တော်သား အဖြစ်နှင့် လက်ရုံးအားကိုး သတိုးမင်းစော၏ အမှုတော်ကို ထမ်းရွက်လေ၏။

မောင်ဗလသည် အခြားစစ်သည်တော်များနှင့် မတူ၊ လူလုံးလူဖန်လည်းချော၊ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံ၊ အကြံဉာဏ် အလွန်ကောင်းလှသဖြင့် တစ်ဆင့်မှတစ်ဆင့်သို့ ရာထူးတိုးတက်၍ "စစ်ဗိုလ်မှူး" အရာသို့ ရောက်ခဲ့လေ၏။

သတိုးမင်းစောသည် စစ်ဗိုလ်ကြီး ဗိုလ်ဗလအား အလွန် ယုံကြည်အားထားလျက် အရာရာမျိုး၌ မှူး၊ မတ်၊ သေနာပတိတို့၏ စကားထက် ဗိုလ်ဗလ၏ စကားကို နာယူ၍ အထူးမြှောက်စား သူကောင်းပြုတော်မူသဖြင့် တိုင်းသူပြည်သားတို့နှင့်တကွ မှူးကြီးမတ်ရာ သေနာပတိတို့သည် ဗိုလ်ဗလအား လွန်စွာ ကြောက်ရွံ့ရိုသေကြကုန်၏။

ဗိုလ်ဗလသည်လည်း ပညာ အမြော်အမြင်နှင့် ပြည့်စုံသည် ဖြစ်၍ မိမိအား ဘုရင် သူကောင်းပြုသဖြင့် ရာထူးဌာနန္တရ ကြီးငြားသော်လည်း ဉာဏ်ပညာရှိသူ မှူးမတ်တို့အား တိုင်ပင်ရန်ရှိက တိုင်ပင်လျက် သင့်မြတ်သော စကားတို့ကို နာယူပြီးလျှင် မထိမဲ့မြင် မပြုဘဲ ရိုသေကိုင်းရှိုင်းခြင်း ရှိလေ၏။

တစ်နေ့သ၌ အဆင်း၊ အင်္ဂါနှင့် ပြည့်စုံသူ "မောင်မျိုးဆွေ" အမည်ရှိ

mgyoe.com

mgyoe.com


(၁၈) နှစ်သားအရွယ် လူငယ်တစ်ယောက်သည် ဗိုလ်ဗလ၏အိမ်သို့ ရောက်လာ၍ "ငှင်းလက်အောက်၌ အမှုထမ်းရွက်လိုပါသည်" ဟု လျှောက်ထားရာတွင် ဗိုလ်ဗလသည် ထိုသူငယ်၏ ရုပ်လက္ခဏာကို မြင်လျှင်မြင်ချင်း ချစ်ခင်စုံမင်သည်ဖြစ်၍ သာမန် အမှုထမ်းအရာ၌ မထားဘဲ သက်တော်စောင့် သဖွယ် မိမိအပါး၌ အမှုကြီးငယ်တို့ကို ဆောင်ရွက်စေ၏။

ဤကဲ့သို့ ရက်လများစွာ အမှုထမ်းမိလေလျှင် ဗိုလ်ဗလသည် ထိုသူ၏ စွမ်းရည်သတ္တိနှင့် ထိုးထွင်းဉာဏ်ရှိကြောင်းကို ရိပ်မိသဖြင့် များစွာနှစ်သက်အားရ၍ မိမိလက်အောက်၌ ဗိုလ်မှူးကလေး ခန့်ထားရန် ဘုရင့်ထံ များစွာ မခဲ့ယုဉ်းဘဲနှင့် တောင်းခံ ခန့်ထားလေ၏။

မောင်မျိုးဆွေသည် အခြားလူများကဲ့သို့ နှစ်ပရိစ္ဆေဒ ကြာရှည်စွာ အမှုမထမ်းရဘဲ တစ်နှစ်ခန့် အတွင်း၌ပင် ဗိုလ်မှူးကလေး ရာထူးဖြင့် သူကောင်းပြုခြင်း ခံရသောကြောင့် မိမိဆရာအား များစွာ ကျေးဇူးတင်သည့်အလျောက် စစ်မြေပြင်အရပ်၌ မိမိ၏အသက်ကို အကြိမ်ကြိမ် စွန့်စား၍ ဆရာဗိုလ်ဗလ၏ အသက်ကို ကယ်ဆယ်ခဲ့လေ၏။

ဗိုလ်ဗလသည် မောင်မျိုးဆွေအား လက်အောက်ခြေသားတစ်ယောက်ကဲ့သို့ အမှတ်မထားဘဲ မိမိ သားကလေး ညီကလေးကဲ့သို့ အောက်မေ့ပြီးလျှင် အကျွမ်းတဝင် ချစ်ခင်ရင်းနှီးစွာ နေထိုင်ကြလေ၏။

မောင်မျိုးဆွေမှာ တစ်လလျှင် တစ်ကြိမ်ကျ ဆရာ့ထံမှ အခွင့်ပန်၍ (၃) ရက်ခန့် ခရီးသွားမြဲ ဖြစ်လေ၏။

မည်သည့်အရပ်သို့ သွားသည်ကို မေးသော်လည်း သေချာအောင် မပြောသဖြင့် ဗိုလ်ဗလသည် "သူ မပြောလိုသည့် အရာကို ငါ မသိလိုတော့ပါ" ဟု အောက်မေ့လျက် တောင်းခံသည့် အခွင့်ကိုသာ ပေးလိုက်လေ၏။

မောင်မျိုးဆွေသည် ဗိုလ်ဗလ၏ အိမ်၌ နေထိုင်သော်လည်း အခြားအိမ်သူအိမ်သားများနှင့် ရောနှောခြင်းမရှိ၊ မိမိအား အမေးရှိမှသာလျှင် အဖြေပေး၍ ဗိုလ်မှူးကြီးမှတစ်ပါး မည်သူ တစ်ဦးတစ်ယောက်နှင့်မျှ အကျွမ်းတဝင် ရယ်မောပြောဆိုခြင်းမရှိဘဲ ဝတ္တရား ရှိသမျှကိုသာ ဆောင်ရွက်၍ အလုပ်မရှိသောအခါများ၌ တစ်ယောက်တည်း စဉ်းစားစိတ်ကူးကာ နေထိုင်တတ်၏။

ဗိုလ်ဗလသည် မောင်မျိုးဆွေနှင့် သွားအတူ၊ လာအတူ အဖော်ပြု

mgyoe.com

mgyoe.com


သည့်ပြင် မည်သည့်အရာမျိုး၌ဖြစ်စေ မောင်မျိုးဆွေကို တိုင်ပင်ထိုက်သည်ဟု အောက်မေ့၍ အရာရာမျိုး၌ မောင်မျိုးဆွေထံ အကြံတောင်းတတ်၏။

ထိုသူနှစ်ယောက်တို့သည် ညနေတိုင်း မြင်းတစ်စီးစီနှင့် မြို့ပြင်သို့ ထွက်၍ စစ်သည်အမှုထမ်းတို့၏ အခြေအနေမှ စ၍ စစ်ပရိယာယ်များ အကြောင်းကို ဆွေးနွေး တိုင်ပင်တတ်ကြ၏။

တစ်နေ့သ၌ ဗိုလ်ဗလသည် မောင်မျိုးဆွေ ခွင့်ယူသွားသည့်အတွက် ကြောင့် တစ်ကိုယ်တည်း မြင်းတစ်စီးနှင့် ထွက်လာပြီးလျှင် နိုင်ငံအရေး အခြေအနေမှစ၍ မောင်မျိုးဆွေ၏ အမှုအရာ ထူးခြားခြင်းနှင့် မည်သည့် အမျိုးအနွယ် ဖြစ်လေသည့် အကြောင်းများကို တွေးတော ဆင်ခြင်ကာသွားစဉ် မြင်းသည် ဇက်ကြိုးလျော့သဖြင့် ခြေဦးတည့်ရာသို့ သွားလေရကား ဗိုလ်ဗလ သည် လမ်းကို သတိမရဘဲ မြင်းသွားရာသို့ တစ်နာရီကျော်ခန့် လိုက်သွား မိလေ၏။

နောက်ဆုံး၌ သတိရ၍ "မည်သည့်ဌာနသို့ ရောက်လာချေသနည်း" ဟု ကြည့်လိုက်ရာတွင် လမ်းကိုလည်း မမြင်၊ မည်သည့်နေရာသို့ ရောက်နေ သည်ကိုလည်း မသိသဖြင့် "ပြန်လမ်းကိုရှာမည်" ဟု မြင်းဇက်ကို လှည့်၍ ပြန်ခဲ့လေသော် တောနက်လှသဖြင့် ရုတ်တရက် လမ်းမတွေ့နိုင်ဘဲ တဝဲ လည်လည် ရှိနေဆဲတွင် မနီးမဝေးသောအရပ်မှ မြန်မာဘာသာဖြင့် မဟုတ် သည့် တေးသီချင်းတစ်ပုဒ်ကို အလွန်သာယာချိုအေးသော အသံဖြင့် သီဆို လိုက်သည်ကို ကြားရလေ၏။

ဗိုလ်ဗလသည် ၎င်းတေးချင်း၏ အသွားကိုလည်းကောင်း၊ အဓိပ္ပာယ် ကိုလည်းကောင်း နားမလည်သော်လည်း အလွန်သာယာသော အသံကြောင့် နားစည်းစိမ်ခံလိုသည်ဖြစ်၍ မြင်းကို ရပ်တန့်ကာ တေးချင်းဆုံးသည့်တိုင် အောင် နားထောင်လျက် ရှိလေ၏။

တေးသံရပ်စဲလတ်သော် "ဤမျှလောက် သာယာသောအသံကို တစ် ကြိမ်တစ်ခါမျှ မကြားရဖူးခဲ့" ဟု အောက်မေ့သည်နှင့် "အသံရှင်ကိုလည်း မြင်ရစေ၊ လမ်းကိုလည်း မေးရစေ" ဟု သဘောထားကာ အသံကြားရာ အရပ်သို့ လိုက်သွားရာတွင် ကြာမျိုးငါးပါးတို့ဖြင့် ပြည့်စုံသော ရေအိုင်ငယ် တစ်ခု၏ ကမ်းပါးပေါ်တွင် လဲပြိုလျက်ရှိသော သစ်ပင်တစ်ပင်၏ အကိုင်းကို

mgyoe.com